## အယ်ဒီတာ ခင်ဗျား ...

ရှမ်းမှထုတ်ဝေသော Independence Vol.24, No. 229, Jan,2007 စာစောင်ပါ ကိုအာရ်တာနီ၏ "နအဖ၏ စစ်ရေးအမြင်နှင့် ကျွန်ုပ်တို့၏ယုံကြည်ချက် " ဆောင်းပါးတွင် "ရခိုင်၏ အမ္ဘာညီအစ်ကို ဖြစ်သောရိုဟင်ဂျာ" ဆိုသည့် ရေးသားချက်ကို ဖတ်ရှုရပါသည်။ ရခိုင်ပြည်တွင် ရိုဟင်ဂျာဆိုသည့်လူမျိုးရှိကြောင်း မည်သည့်သမိုင်းစာအုပ်မှ မတွေ့ဖူးပါ။ ရိုဟင်ဂျာဆိုသည့်ဝေါဟာရသည် ၁၉၅၀ ကျော်ကာလ ဦးနုအစိုးရလက်ထက်မှ လုပ်ကြံဖန်တီးယူသော ဘင်္ဂလားဒေ့ရှ်မှ တရားမဝင်ခိုးဝင်လာသည့် ဘင်္ဂလီမူဆလင်မ်တို့၏ အမည်သစ်ဖြစ်ပါသည်။ ဘာသာစကား၊ ဓလေ့ထုံးတမ်းစဉ်လာ၊ ကိုးကွယ်သည့်ဘာသာ အစစအရာရာကွဲပြားနေသော မူဆလင်မ်ကုလားများနှင့် ဗုဒ္ဓဘာသာကို နှစ်နှစ်ကာကာ သက်ဝင်ယုံကြည်သည့် ရခိုင်လူမျိုးတို့အား အမ္ဘာညီအစ်ကိုဟု သုံးနှုန်းထားသော စာရေး သူ၏ အတွေးအခေါ်ကို အံ့သြမိသည်။ စာရေးသူ ကိုအာရ်တာနီသည် မြန်မာပြည်အနောက်ဖက်ပိုင်း သမိုင်းနှင့်ပတ်သက်၍အလွန်တရာ ဗဟုသုတနည်းပုံရသည်။ ၈၈ အရေးအခင်းနောက်ပိုင်း ပေါ်လာသောလုပ်ကြံဇာတ်လမ်းများကို သမိုင်းစာအုပ်အဖြစ် အားထားမိသည်ထင်၏။ ဂျပန်နိုင်ငံရောက် ရခိုင်လူငယ်များထုတ်ဝေသည့် "ခိုင်မြဲပါ" ရေးသားသော"ရိုဟင်ဂျာ အမည်ခံ ဘင်္ဂလီမူဆလင်မ် တို့၏ သမိုင်းလိမ်ကို ဖေဖန်ခြင်း" စာအုပ်ကို ဖတ်ကြည့်ဖို့တိုက်တွန်းလိုပါသည်။ စာရေးသူက မသိနားမလည်၍ ရေးလိုက်သည့်စာကို စာအုပ်ထဲတွင်ဖော် ပြသည့် အယ်ဒီတာအနေနှင့်လည်း အစစအရာရာ မပေါ့ဆဖို့သတိပေးချင်ပါသည်။ "တရုတ်"နှင့် "ဝ" "ရှမ်း" တို့ကို အမ္ဘာညီအစ်ကိုများ ဟုဆိုလျှင် ရှမ်းလူမျိုးများ ကြိုက်မည်မဟုတ်သလို "ရခိုင်"နှင့် "ကုလား" ကို အမ္ဘာညီအစ်ကိုဟု သုံးနှုန်းခြင်းသည် ရခိုင်လူမျိုးအားစော်ကားရာရောက်ပါသည်။ ဘုံရန်သူကိုတိုက်နေကြသူအချင်းချင်း အကြား သဘောထားကွဲစေမည့် အသုံးအနှုန်းများ သတိထားရှောင်ရှားရန် သတိပေးရင်း...

**ကိုရခိုင်**

## သျှမ်းသံတော်ဆင့်သို့-

ကျနော် ကွန်ဟိန်းမြို့နယ်ထဲက ရွာသားတစ်ယောက်ပါ။ ဒီဖေဖေါ်ဝါရီလဆန်းကမှနယ်စပ်ကိုရောက်လာတာပါ။ ကျနော်တို့ရွာကအတူတူလာကြတာ ၁၅ ယောက်ရှိပါတယ်။ကျနော်တို့တစ်မိသားစုလုံးပြောင်းရွှေ့လာတာ။ ရွာမှာ ကျွဲ နွားတွေ လယ်ယာခြံမြေတွေ ဒီတိုင်းပစ်ထားခဲ့ရတယ်။ အခုလောက်ဆို စစ်တပ် ကသိမ်းယူပြီးရောပေါ့။ အရမ်းနှမြောပေမဲ့ မတတ်နိုင်တော့ဘူး။ ကွန်ဟိန်းအခြေစိုက် ခမရ ၅၂၄ နဲ့ ခလရ ၂၄၆ စစ်တပ်က ခါတိုင်းနှစ်တွေလိုတပ်အတွက် လုပ်အားပေးရမယ်ဆိုလို့ အိုးအိမ် လယ်ယာတွေစွန့်ပြီးထွက်ပြေးလာခဲ့တာ။ ဇယ်ဆက်သလို သူတို့ခိုင်းတဲ့ လုပ်အားပေးဆိုတာ– ကြက်ဆူပင်တိုးချဲ့စိုက်ပျိုးခိုင်းတာ၊ စစ်တပ်ကို ဈေးပေါပေါနဲ့ဆန်စပါးရောင်းပေးရတာ၊ ကျနော်တို့ဆီက အဓမ္မသိမ်းယူထားတဲ့လယ်ကွက်မှာဘဲစစ်တပ်အတွက် နွေစပါးစိုက်ပျိုးပေးရတာ တွေပါပဲ။ မိသားစုဝင်ငွေရှာဖို့ မပြောနဲ့ မိသားစုကိစ္စ၊ ရပ်ရေးရွာရေးကိစ္စ ဘာဆိုဘာမှလုပ်ချိန်မရအောင်ဘဲ စစ်တပ်အတွက်လုပ်အားပေးနေရတာနဲ့အလုပ်လုပ်ကောင်းခြင်းမလုပ်ရ၊စားခြင်းကောင်းမစားရ၊ အိပ်ကောင်းခြင်းမအိပ်ရတဲ့ဘဝမှာ မနေနိုင်တော့ဘူး။ "သေချင်တဲ့ကျားတောပြောင်း"တာတော့မဟုတ်ပါဘူး။ "တစ်ရွာမပြောင်း သူကောင်းမဖြစ်"ဆိုသလို ကျနော်တို့ဘဝ နဂိုထက်ပိုအဆင်ပြေလာမလားလို့ပါ။

**ကျွန်ဘဝမှ လွတ်မြောက်လိုသူ လုံးစံ**

## အယ်ဒီတာရှင့်

ဗမာပြည်က ဘွဲ့ရပညာတတ်လူငယ်တွေရဲ့ ဘဝရေ့ရေးလမ်းပျောက်နေပုံကို ရင်ဖွင့်ပါရစေ။ ကျောင်းပြီးဘွဲ့ရဖို့ ကျမတို့မိဘတွေ ကျွဲလိုရုန်းငွေရှာ ပညာသင်စရိတ်ပံ့ပိုး၊ ကျမတို့မှာလဲ ရင်းနှီးပေးဆပ်ခဲ့ရတဲ့အချိန်တွေ၊ငွေတွေ တန်ဖိုးမသေးလှပါဘူး။ ကျောင်းပြီးပြန်တော့လဲ အလုပ်ကောင်းကောင်းနဲ့ လစာကောင်းကောင်းရဖို့ ရန်ကုန်မှာအဆောင်ငှါးနေပြီး တက်လိုက်ရတဲ့ သင်တန်းအမျိုးမျိုး၊ Cerificate လက်မှတ်အထပ်လိုက်ကိုင်ပြီး အလုပ်ရှာလုပ်ခဲ့တာ ရန်ကုန် လမ်းသစ်လမ်းမှာရှိတဲ့ကုမ္ပဏီတခုမှာအလုပ်လုပ်ဖူးပါတယ်။လှည်းတန်းတစိုက်မှာရှိတဲ့ ဆောက်လုပ်ရေးကုမ္ပဏီတို့၊ လျှပ်စစ်ပစ္စည်း ကုမ္ပဏီတို့မှာလည်း ဝင်လုပ်ခဲ့ဖူးပါတယ်။ ကုမ္ပဏီကရတဲ့လစာက ကျမ အဆောင်ဖိုး၊ စားစရိတ်နဲ့တင် မျှင်းမျှင်းကလေးလောက်တယ်ဆိုရုံပါပဲ။ စုမိဆောင်းမိဖို့၊ မိဘကိုပြန်ကျွေးဇုးဆပ်နိုင်ဖို့ ဝေလာဝေးပေ့ါ။ လက်လွှန်သုံးမိတဲ့လတွေဆို လကုန်ခါနီးတိုင်း သူငယ်ချင်းဆီက ချေးငှါးသုံးစွဲနေရတယ်။ စားသောက်စားရိတ်က ကြီးပေတာကိုး။ ဒီအတိုင်း ဆက်သွားလို့ မဖြစ်ချေဘူးဆိုပြီး မနှစ်ကသူငယ်ချင်းတွေနဲ့ ခေါက်ဆွဲဆိုင်ပေါင်းဖွင့်ကြပါတယ်။ "ဒီနေ့ရောင်းရမှ မနက်ဖြန်အရင်း"ဆိုပေမဲ့ ဒီနေ့ရောင်းရငွေက မနက်ဖြန်အတွက်အရင်းမလောက်ဘူး။ တနေ့ ၃၀၀၀ ဖိုးရောင်းရပြီး ပစ္စည်းသွားဝယ်ရင် ၄၀၀၀ ဖိုးလောက်ကုန်တော့၊ ၃ လအကြာမှာ ဆိုင်အရင်းပါပြုတ်ပြီး တစ်ယောက် တစ်သိန်းစီရှုံးသွားတယ်။ ကျမအမေဆို ဆူသလားမမေးနဲ့။

စိတ်ဓါတ်ကျကျနဲ့ ကျမတို့သူငယ်ချင်း ၃ ယောက် ပိုက်ဆံရှာဖို့အများနည်းတူ ထိုင်းကို အောက်လမ်းကပဲ ထွက်လာကြတယ်။ ထိုင်းရောက်တော့ ကျမတို့မှာ အလုပ်သမားကဒ်မရှိလို့ ဘယ်သွားသွား၊ ဘာလုပ်လုပ် တချိန်လုံး ထိုင်းရဲကိုကြောက်နေရတယ်။ "ကျားကြောက်လို့ရှင်ကြီးကိုး"ကာမှ ဆင်ရိုင်းနဲ့တိုးနေရပါပြီ။ ကျမတို့ ရှေ့ဘဝတိုးတက်ရာ တိုးတက်ကြောင်းအတွက် လမ်းစလေးများတွေ့ရင် စာနာစိတ်နဲ့ တဆိတ်ကူညီလမ်းညွှန်ပေးစေလိုပါတယ်။

**အဆင်မပြေသေးတဲ့ မြန်မာတိုင်းရင်းသူတစ်ဦး**

## နိုင်ငံရေး

# ပင်လုံစာချုပ် အနှစ်သာရ နဲ့ ပင်လုံစိတ်ဓါတ်

ဦးဝင်းနိုင်ဦး RFA ( 25/02/07)

ပင်လုံစာချုပ်ရဲ့ အနှစ်သာရနဲ့ပင်လုံစိတ်ဓါတ်ဆိုတာကို ထင်ရှားစေမဲ့ဖြစ်ရပ်နှစ်ခုကိုဖေါ် ပြဆွေးနွေးရရင်– ပထမဖြစ်ရပ်က မြန်မာ့လွတ်လပ်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းဦးစီးတဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ ဗြိတိန်နိုင်ငံ လန်ဒန်မြို့ကိုသွားပြီး ဗြိတိသျှအစိုးရနဲ့ဆွေးနွေးတဲ့ကိစ္စဖြစ်ပါတယ်။ ဒုတိယကတော့ လွတ်လပ်ရေးရပြီးနောက်ပိုင်းဗမာပြည်မနဲ့တိုင်းရင်းသားခေါင်းဆောင်တွေကြားမယုံကြည်မှုတွေတိုးပွားလာတဲ့ကိစ္စဖြစ်ပါတယ်။

ဗိုလ်ချုပ်တို့အဖွဲ့နဲ့ အင်္ဂလိပ်အစိုးရ ဗမာ့လွတ်လပ်ရေးအတွက်ဆွေးနွေးနေချိန်မှာပဲ မြန်မာနိုင်ငံကနေ ကြေးနန်းတစ်စောင်ဝင်လာပါတယ်။ ဒီကြေးနန်းကတော့ဗိုလ်ချုပ်တို့ဟာတိုင်းရင်းသားတွေအရေးကို ဆွေးနွေးဖို့အခွင့်အာဏာမရှိကြောင်း အင်္ဂလိပ်အစိုးရထံ သျှမ်းစော်ဘွားတွေ ရိုက်လိုက်တဲ့ကြေးနန်းဖြစ်ပါတယ်။ ဒါနဲ့ အင်္ဂလိပ်အစိုးရက အချက်ရသွားပြီး တိုင်းရင်းသားတွေ ဗမာပြည်နဲ့ပေါင်းစည်းလိုစိတ်မရှိကြောင်း၊ ဒါကြောင့် ဗမာပြည်မကိစ္စသက်သက်သာ ဆွေးနွေးဖို့နဲ့ တောင်တန်းဒေသတွေကို သူတို့ဆက်လက်တာဝန်ယူသွားမှာဖြစ်ကြောင်း ပြောပါတယ်။

ဒီအချိန်မှာပဲ သျှမ်းပြည် ပြည်သူ့လွတ်လပ်ရေးအဖွဲ့က ဦးတင်ဧ၊ ဦးထွန်းမြင့်၊ ဦးဖေခင်တို့ခေါင်းဆောင်ပြီး သျှမ်းပြည် တောင်ကြီးမြို့မှာလူထုအစည်းအဝေးကြီးတစ်ရပ်ကျင်းပပါတယ်။ အဲ့ဒီလူထုအစည်းအဝေးကနေ ဗိုလ်ချုပ်အောင်ဆန်း ကိုထောက်ခံကြောင်း ဗမာပြည်မနဲ့အတူတကွ လွတ်လပ်ရေးလိုချင်ကြောင်း အင်္ဂလိပ်အစိုးရထံ သံကြိုးရိုက်ပြီး အကြောင်းကြားလိုက်ပါတယ်။ အဲ့ဒီတော့မှပဲ အင်္ဂလိပ်အစိုးရက ဗိုလ်ချုပ်တို့ကို တိုင်းရင်းသားတွေအရေး ဆွေးနွေးဖို့သဘောတူလိုက်ပါတယ်။ တိုင်းရင်းသားခေါင်းဆောင်တွေနဲ့ပြည်ထောင်စုကြီးဖွဲ့စည်းနိုင်ဖို့ သျှမ်းပြည်ကို ဗိုလ်ချုပ်တို့သွားပြီးကြိုးပမ်းနေချိန်မှာလဲ ဗမာပြည်မနဲ့မပေါင်းဖို့လေသံတွေထွက်လာပါသေးတယ်။သျှမ်းပြည်သူတွေက စိတန်းလှည့်လည်ကြ ဆန္ဒပြကြ စတဲ့ လူထုလှုပ်ရှားမှုတွေပေါ် လာတဲ့အဆုံးကျတော့မှပဲ တောင်တန်းဒေသနဲ့ ဗမာပြည်မ ပူးပေါင်းရေးပင်လုံစာချုပ်ကိုချုပ်ဆိုနိုင်ခဲ့ပါတယ်။ ဒါက ပထမဖြစ်ရပ်ဖြစ်ပါတယ်။

အချက် ၉ ချက်ပါတဲ့ ပင်လုံစာချုပ်မှာ အချက် ၈ ချက်က ဗမာပြည်မနဲ့တောင်တန်းဒေသတွေ တန်းတူညီမျှပေါင်းစည်းနိုင်ရေး အတွက်ဆက်လက်ဆောင်ရွက်သွားမဲ့အချက်တွေ၊ တာဝန်တွေ၊ တိုင်းရင်းသားတွေအတွက် အာမခံချက်တွေကိုဖေါ် ပြထားပါတယ်။ ဒို့အတွက် နယ်ခြားဒေသဆိုင်ရာအတိုင်ပင်ခံဝန်ကြီးတစ်ဦးနဲ့ ဒု–အတိုင်ပင်ခံဝန်ကြီးနှစ်ဦးခန့်အပ်သွားဖို့ဖြစ်ပါတယ်။ ဒီလိုနဲ့ပင်လုံစာချုပ်အရ နယ်ခြားဒေသဆိုင်ရာအတိုင်အပင်ခံဝန်ကြီးအဖြစ် မိုင်းပွန်စော်ဘွားကြီး၊ ဒုတိယဝန်ကြီးတွေအဖြစ် ကချင်ခေါင်းဆောင် ဆမားဒူဝါးဆင်ဝါးနောင်နဲ့ ချင်းခေါင်းဆောင် ဦးဝမ်ကိုဟောတို့ကို ဘုရင်ခံအမှုဆောင်ကောင်စီမှာခန့်အပ်ခဲ့ပါတယ်။

ဒီအချက် ၉ ချက်ထဲက အရေးကြီးဆုံးလို့ဆိုနိုင်မဲ့ နောက်တစ်ချက်ကတော့ဒီမိုကရေစီနဲ့ပတ်သက်နေပါတယ်။တောင်တန်းဒေသတိုင်းရင်းသားတွေဟာ ဒီမိုကရေစီနိုင်ငံတွေမှာလက်ရှိခံစားနေရတဲ့



အခြေခံအခွင့်အရေးတွေကိုခံစားခွင့်ရှိစေရမယ် ဆိုတဲ့အချက်ဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံ ထူထောင်ရေးနဲ့ပတ်သက်လို့ ပင်လုံစာချုပ်ကိုအနှစ်သာရပိုင်းကကြည့်မယ်ဆိုရင် အချက် ၃ ချက် တွေ့ရမှာဖြစ်ပါတယ်။ ဒါကတော့ ဗမာပြည်မနဲ့တောင်တန်းဒေသပူးပေါင်းခြင်းအားဖြင့်တိုင်းရင်းသားတွေပါ တစ်ပါတည်းလွတ်လပ်ရေး အမြန်ဆုံးရဖို့အတွက် မြန်မာကြားဖြတ်အစိုးရနဲ့အမြန်ဆုံး ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုတဲ့အချက်၊ တောင်တန်းဒေသတိုင်းရင်းသားတွေဟာ ဒီမိုကရေစီနိုင်ငံတွေမှာလက်ရှိခံစားနေရတဲ့ အခြေခံအခွင့်အရေးတွေကို ခံစားခွင့်ရှိစေရမယ် ဆိုတဲ့အချက်၊ လူမျိုးချင်းတန်းတူညီမျှရေး အာမခံချက်ရှိစေရမယ် ဆိုတဲ့အချက်တွေ တွေ့ရမှာဖြစ်ပါတယ်။

လွတ်လပ်ရေးရပြီးခါစက ရေးခဲ့တဲ့ပင်လုံမှတ်တမ်းမှာ ချင်းခေါင်းဆောင် ဦးဝမ်ကိုဟောက "ပင်လုံညီလာခံမှာ နည်းပရိယာယ် မသုံးဘဲ ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြမယ်ဆိုရင် ဒီညီလာခံကနေ ပေါက်ဖွားတဲ့ မကြုံဖူးတဲ့ညီညွတ်မှုကြီးဟာ ဗိုလ်ချုပ်ရဲ့သန့်စင်တဲ့စေတနာ၊ ဖြောင့်မှန်တဲ့လမ်းစဉ်၊ တိုင်းရင်းသားခေါင်းဆောင်တွေရဲ့ရိုးသားမှု အပေါ်မှာ အခြေခံခဲ့တယ်လို့ရေးသားထားပါတယ်။ ဒါပေမဲ့ ဒီလိုစည်းလုံး ညီညွတ်မှုကြီးဟာ အခြေတည်စ သေးကွေးနုနယ်သေးကြောင်း အစဉ်သတိချပ်ရမယ်"လို့ သတိပေးခဲ့ပါတယ်။

သူသတိပေးခဲ့တဲ့အတိုင်းပဲ လွတ်လပ်ရေးရပြီး ၁၀ နှစ်ကျော် အကြာမှာတော့ ပင်လုံစာချုပ်ပါအာမခံချက်တွေကို မခံစားရဘူး။ ပြီးတော့ လူမျိုးချင်းတန်းတူညီမျှရေးကို အာမခံနိုင်ဖို့ အခြေခံဥပဒေပြင်ဆင်ပေးပါလို့ဆိုပြီး တိုင်းရင်းသား ကိုယ်စားလှယ် တွေဟာ ၁၉၆၁ ခုနှစ် ဇွန်လသျှမ်းပြည်တောင်ကြီးမြို့မှာ ပြည်နယ်ပေါင်းစုံညီလာခံကြီးကို ခေါ်ယူခဲ့ပါတယ်။ အဲ့ဒီညီလာခံမှာ သျှမ်း၊ ကချင်၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ကယားတိုင်းရင်းသား ကိုယ်စားလှယ် ၂၀၀ ကျော် လေ့လာသူ ၁၀၀ ကျော် တက်ရောက်ခဲ့ပါတယ်။

အဲ့ဒီပြည်နယ်ပေါင်းစုံ ညီလာခံကြီးမှာ ကယားပြည်နယ် ဥက္ကဌ စဝ်ဝဏ္ဏက "လွန်ခဲ့တဲ့ ၁၃ နှစ်ကျော်ကာလ ပင်လုံညီလာခံကြီး ကျင်းပတုန်းက ထားရှိခဲ့တဲ့မျှော်မှန်းချက်တွေနဲ့ကိုက်ညီတဲ့ အကျိုးကျေးဇူးတွေ မဖြစ်ထွန်းသေးကြောင်း၊ ထင်သလောက်ရုပ်လုံးမပေါ်သေးကြောင်း" ပြောကြားသွားပါတယ်။ မိုးနဲစော်ဘွားကြီးစဝ်ပြည့်က "ကိုယ်ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို ဘယ်သူ့ဖြစ်ဖြစ် တင်းပြည့်ကျပ်ပြည့်ရချင်ပါတယ်။ ကျနော်တို့ဟာ ကိုယ်ရသင့်ရထိုက်တဲ့အခွင့်အရေးထက်ပိုပြီးမရချင်သလို လျော့ပြီးတော့လည်းမရချင်ပါဘူး။ ကျနော်တို့လေးစားတဲ့ ဗိုလ်ချုပ်အောင်ဆန်းကလည်း အဲ့ဒီလိုမူတွေ ချမှတ်ခဲ့ပါတယ်။ ဒါကို လက်ရှိနောင်တော်များက လိုက်နာကျင့်သုံးမယ်ဆိုရင် ကျနော်တို့က ယခုလိုအရေးဆိုမှာလည်းမဟုတ်ပါဘူး။ ဗိုလ်ချုပ်အောင်ဆန်းချမှတ်ထားတဲ့လမ်းစဉ်အတိုင်းသာသွားမယ်ဆို လျှင် ကျနော်တို့ကျေနပ်ပြီးသားပါ"လို့ဆွေးနွေးသွားပါတယ်။

ဒီ Federal မူနဲ့ အခြေခံဥပဒေ အားနည်းချက် ကိစ္စတွေကို နိုင်ငံရေးနည်းလမ်းတွေအရ နိုင်ငံရေးခေါင်းဆောင်တွေ ဖြေရှင်းဖို့ကြိုးစားနေကြတုန်း ဒီပြဿနာဟာ ခွဲထွက်ရေးပြဿနာဖြစ်တယ်။ ပြည်ထောင်စုကြီးပြိုကွဲတော့မယ်လို့ကြွေးကြော်သံနဲ့ ၁၉၆၂ ခုနှစ်မှာ စစ်တပ်က အာဏာသိမ်းလိုက်တဲ့အတွက် မြန်မာနိုင်ငံမှာ ဒီမိုကရေစီလည်း ဆိတ်သုဉ်း၊ Federal စစ်စစ်မူဆိုတဲ့ သျှမ်းမူကလည်း နိဂုံးချုပ်သွားခဲ့တာ အခုချိန်အထိပါပဲ။ ဒါကဒုတိယ ဖြစ်ရပ်ဖြစ်ပါတယ်။

အခုဖော်ပြခဲ့တဲ့ဖြစ်ရပ်နှစ်ခုကို ကောက်ချက်ချမယ်ဆိုလျှင် ပြည်ထောင်စုဖွဲ့စည်းထူထောင်ဖို့ ပင်လုံစာချုပ်ပေါ်ထွန်းလာရာမှာ လူထုကြီးရဲ့ကိုယ်တိုင်ကိုယ်ကျ ပူးပေါင်းပါဝင်ထောက်ခံဆန္ဒပြမှုက အရေးကြီးတဲ့အခန်းက ပါဝင်တယ်ဆိုတဲ့အချက်၊ ခေါင်းဆောင်တဦးထဲ သို့မဟုတ် ခေါင်းဆောင်တချို့အပေါ်ယုံကြည်မှုသက်သက်နဲ့ တည်ဆောက်ထားတဲ့ယုံကြည်မှု ဆိုတာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု အတွက်တကယ်တမ်းမှာ အာမခံချက်မရှိဘူး ဆိုတဲ့အချက်၊ လူမျိုးချင်း ယုံကြည်မှုနဲ့တန်းတူညီမျှခြင်းရှိဖို့ ပြီးတော့ ဒီလိုလူမျိုးချင်းယုံကြည်မှုနဲ့ တန်းတူညီမျှရေးပေါ်ထွန်းလာအောင် အမျိုးသားရေးတာဝန်တရပ် အနေနဲ့ အရေးတကြီးဆောင်ရွက်ရမယ်ဆိုတဲ့အချက်တွေကို ပင်လုံစာချုပ်ရဲ့အနှစ်သာရ ဒါမှမဟုတ် ပင်လုံစိတ်ဓါတ် လို့ကင်ပွန်းတပ်နိုင်ပါလိမ့်မယ်။

နောက်ဆုံးတင်ပြချင်တာကတော့ ဒေါ်အောင်ဆန်းစုကြည်က သူ့ရဲ့ပြည်ထောင်စုနေ့အကြောင်းရေးသားထားတဲ့ မြန်မာပြည်က ပေးစာထဲမှာ ဖော်ပြထားတဲ့အချက်ဖြစ်ပါတယ်။ ပင်လုံစာချုပ်ရဲ့အနှစ်သာရဟာ တိုင်းရင်းသားလူမျိုးအချင်းချင်း အပြန်အလှန်ယုံကြည်မှု အပြန်အလှန်လေးစားမှု လို့ ဒေါ်အောင်ဆန်းစုကြည်က ဖွင့်ဆိုပါတယ်။ ဒါပေမဲ့ လူမျိုးအချင်းချင်းအပြန်အလှန်လေးစားနားလည်မှုနဲ့ ယုံကြည်မှုရှိဖို့ဆိုတာဟာလည်း ကွဲပြားခြားနားတဲ့အမြင်နဲ့ သဘောထားအမျိုးမျိုးတွေကို သည်းခံလက်ခံနိုင်စွမ်းရှိတဲ့ အစိုးရတရပ်မျိုးပေါ်ထွန်းမှဖြစ်လိမ့်မယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ယုံကြည်ပါတယ်။ ဒီယုံကြည်ချက်ဟာ မြန်မာ့သမိုင်းမှာ နောင်ပေါ်လာနိုင်ဖွယ်ရှိတဲ့ ဒုတိယအကြိမ် ပင်လုံညီလာခံမှာအခြေခံရမဲ့မူ ဒုတိယပင်လုံစာချုပ်ရဲ့အနှစ်သာရနဲ့ တကွဲပင်လုံစိတ်ဓါတ်အစစ် လို့ယူဆနိုင်ကြောင်းပါခင်ဗျား။



# ၄၅ နှစ်ပြည့် ဗိုလ်နေဝင်း အာဏာသိမ်းမှု

ဒီကနေ့ဟာ ဖဆပလ အစိုးရ ဝန်ကြီးချုပ်ဦးနုဆီကနေ ဗိုလ်ချုပ်ကြီးနေဝင်းက စစ်တပ်နဲ့ အာဏာသိမ်းခဲ့တဲ့ ၄၅ နှစ်ပြည့်နှစ်ပတ်လည်တဲ့နေ့ဖြစ်တယ်လို့ အဲဒီနေ့ကိုမှီခဲ့တဲ့ နိုင်ငံရေးသမားတွေက ပြောပါတယ်။ ၁၉၆၂ မတ်လ ၂ ရက်နေ့မှာ အာဏာသိမ်းခဲ့တဲ့ ဗိုလ်ချုပ်ကြီး နေဝင်းဟာ သူ့ရဲ့မှား ယွင်းမှုတွေကို သမိုင်းထဲ ကျန်နေခဲ့မှာစိုးတဲ့အတွက် အာဏာသိမ်းပြီးတစ်နှစ်အကြာ ဒီနေ့ကို တောင်သူလယ်သမားနေ့အဖြစ်ပြောင်းလဲအမည်တွင်လိုက်တယ်လို့ ဦးနေဝင်းခေတ်ကိုကောင်းကောင်းမှီခဲ့သူ အသက် ၈၄ နှစ်အရွယ် ဝါရင့်တိုင်းရင်းသားခေါင်းဆောင် နိုင်ငွေသိမ်းက– *"အာဏာသိမ်းတုန်းက ကျနော်အသံလွှင့်ရုံမှာ အစည်းအဝေးသွားတက်နေတယ်။ ၁၉၆၂ ခုနှစ် ဗိုလ်ချုပ်ကြီးနေဝင်း အာဏာသိမ်းတုန်းက သူပြောခဲ့တာက တောင်သူလယ်သမားတွေရဲ့အကျိုးကိုကြည့်ပြီးတော့သိမ်းတာပါတဲ့။ ဒါကြောင့် ဒီကနေ့ကို တောင်သူလယ်သမားနေ့ အဖြစ်သတ်မှတ်လိုက်တာတဲ့။ ဖဆပလ တောင်သူလယ်သမားနေ့က ဇန်နဝါရီလ ၁ ရက်နေ့၊ အဲဒါကို သူဖျက်ပြီးတော့မှ တောင်သူလယ်သမားကောင်းကျိုးအတွက် တောင်သူလယ်သမားတွေကို ဂုဏ်ပြုလိုက်တာလို့ပြောတယ်။ ၁၉၆၃ မှာအသွင်ပြောင်းလိုက်တာပေ့ါ၊ မှီတဲ့လူတွေကတော့လက်မခံပါဘူး။ ၁၉၆၂ ခုနှစ် အာဏာသိမ်းမှုသမိုင်းကတော့ ဒီတိုင်းဖျောက်ပြစ်လို့ ဘယ်ရမလဲ။ ဘယ်လိုဘဲပြောပြော လူတွေကတော့ သိမှာဘဲ။"*

ဘယ်လိုဘဲ နာမည်ပြောင်းပြောင်း အာဏာသိမ်းတဲ့နေ့အဖြစ် သမိုင်းမှန်ကို လူတွေသိနေမှာပါလို့ နိုင်ငွေသိမ်းကပြောပေမဲ့ အခြားနိုင်ငံရေးသမားတစ်ဦးဖြစ်သူ အမျိုးသားရေး ဦးဝင်းနိုင် ကတော့ *"ဒီကနေ့ခေတ်လူငယ်တွေ အထူးသဖြင့် အသက် ၂၀ တန်းလူငယ်တွေ ဘာမှမသိကြတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ၁။ နိုင်ငံရေးကို လူငယ်တွေက စိတ်မဝင်စားကြတော့ဘူး။ ဒါအမှန်အတိုင်းဘဲ ကျနော်ပြောရတော့မယ်။ ဒီလိုပြောမှသာ ကျနော်အပါအဝင် နိုင်ငံရေးသမားအားလုံးက အခြေအနေမှန်ကိုသိပြီးတော့မှကြိုးစားသထက် ပိုကြိုးစားဖို့လိုတာတွေကို ကျနော်တို့လုပ်ပြီးတော့ လူငယ်တွေကို အသိပေးနိုင်မှာပေ့ါ။ အဲဒါတွေကြောင့် ဒီကနေ့လူငယ်တွေက နိုင်ငံရေးကို စိတ်မဝင်စားတာတစ်ချက် ၂။ ဒီအဖြစ်အပျက်မှန် ၊သမိုင်းမှန်တွေကို ဖုံးကွယ်ထားတဲ့အချက်၊ သမိုင်းမှန်တွေကို ပြောခွင့်မရဘူး၊ ရေးခွင့်မရဘူး၊ အသိပေးခွင့်မရဘူး ဆိုတဲ့အခါကျတော့ ဒီကနေ့လူငယ်တွေက ၁၉၆၂၊ ၁၉၅၈ အကြောင်းတွေမသိကြတော့ဘူး။ ၁၉၈၈ ကဖြစ်တဲ့ အကြောင်းတောင်မှ ဝိုးတားတားဖြစ်နေကြတာ။ ဒါကြောင့် ၁၉၆၂ မှာမွေးတဲ့ ခလေးဆိုရင် အဲဒီနေ့အာဏာသိမ်းပွဲဆိုတာမသိနိုင်ဘူး။ အဲလိုဘဲ ဒီကနေ့ဟာ အာဏာသိမ်းတဲ့နေ့အဖြစ်သိတော့မှာမဟုတ်ဘူး။ အဲဒီအရွယ်တောင်မှ မသိတော့ဘူးဆိုရင် အသက် ၂၀ အရွယ်လူငယ်တွေ ပိုဆိုးတော့မှာပေ့ါဗျာ"*

၁၉၆၂ မတ်လ ၂ ရက်နေ့ကဖြစ်ပွားခဲ့တဲ့အကြောင်း အမျိုးသားရေး ဦးဝင်းနိုင် ကပြောသွားတာပါ။





ဒီလိုဆိုရင်အဲဒီနေ့က အမှန်တကယ်ဘာဖြစ်ခဲ့သလဲ၊ ၁၉၆၂ ခုနှစ်အာဏာသိမ်းစဉ် အသက် ၁၄ နှစ် အရွယ်ရှိတဲ့ မြန်မာနိုင်ငံရဲ့ ပထမဆုံးသမ္မတစဝ်ရွှေသိုက်ရဲ့သားတစ်ဦးဖြစ်သူ စဝ်ဟန်ယောင်ဟွေက *"အဲဒီညက တကယ်ဆိုရင်ကျနော်တို့ဘာမှမသိရဘူး။ ဘာဖြစ်လို့လဲဆိုတော့ အခြေအနေကငြိမ်နေတယ်။ ညလဲ အေးအေးဆေးဆေး ဘဲအိပ်သွားတယ်။ ဒါပေမဲ့ ည ၁ နာရီ ၂ နာရီ ကြားမှာထင်တယ်။ ကျနော်တို့အိမ်ကို သူတို့ဝိုင်းထားပြီးတော့ သေနတ်ပစ်သံကြားရတယ်။ နောက်ပိုင်းသိရတာတော့ ကျနော့်အစ်ကိုတစ်ယောက်က အသံကြားလို့သွားကြည့်တော့ သူတို့က သူ့ကိုပစ်လိုက်တာ။ သူ့ကိုပစ်ရင်းနဲ့ ဝိုင်းထားတဲ့စစ်သားတွေက သေနတ်သံကြားတော့ ဒီဘက်ဟိုဘက်ယောင်မှားပြီး အချင်းချင်းပြန်ပစ်လိုက်တာ လို့နားလည်တယ်။ ဒါပေမဲ့ အချို့ကပြောတယ်။ သူတို့ ပစ်ခွင့်ရလို့ ပစ်တာတဲ့။ အမှန်က ဘယ်လိုလဲတော့မသိရပါဘူး။ သေနတ်သံက အကြာကြီးကြားရတယ်။ ကျနော့အကိုလဲ ဆုံးသွားတယ်။ မီမီသိုက်က ၁၇ နှစ်ပေ့ါ။ အိမ်ထဲမှာ မီမီရှိတယ်၊ ကျနော်ရှိတယ်၊ ယုဂျင်းပါတယ်၊ တပ်မတော်က အာဏာသိမ်းတယ်ဆိုတာလည်း မကြေငြာဘူး။ ရှိင်းရှိင်းစိုင်းစိုင်း လာအော်ဟစ်တဲ့အခါကျတော့ ကျနော်တို့ကလည်း ဓါးပြလား၊ ဘာလား၊ ဘယ်သူလာပစ်တာလဲ စသဖြင့်ထင်ကြတာပေ့ါ။ ပစ်ပြီးတဲ့နောက်ပိုင်းမှ တပ်မတော်ပါလို့ ပြောလို့ကျနော်တို့ တံခါးဖွင့်ပေးတယ်။ အဲဒီအခါမှ စစ်သားတွေဝင်လာပြီး အားလုံးကိုအပြင်ထုတ်လိုက်တယ်။"*

၁၉၆၂ အာဏာသိမ်းပွဲမှာ သွေးထွက်သံယိုမှုမရှိဘူးလို့ စစ်အစိုးရအဆက်ဆက်က သမိုင်းလိမ်ရေးခဲ့ပေမဲ့ အာဏာသိမ်းတဲ့ မတ်လ ၂ ရက်ညသန်းခေါင်ကျော်မှာ ဒီလိုပစ်ခတ်မှုအမှန်တကယ်ရှိခဲ့ပါတယ်။ ဒီသေမှုသေခင်းကို အရေးယူပေးဖို့ သမ္မတကတော် မဟာဒေဝီက ဗဟန်းရဲစခန်းကိုတိုင်ကြားခဲ့ပေမဲ့ ရဲဘက်ကရော အာဏာသိမ်းစစ်အစိုးရအဆက်ဆက်ကပါ အရေးယူပေးခြင်း၊အဖြစ်မှန်ကို ဖော်ထုတ်ရှင်းပြခဲ့ခြင်း မရှိဘူးလို့ စဝ်ဟန်ယောင်ဟွေက ပြောပြပါတယ်။

**နန်းခမ်းကယောက် (DVB) 2/3/2007**

# ထိုင်းအာဏာပိုင်မှ ရွှေ့ပြောင်းအလုပ်သမားများ ဖမ်းဆီးနေ

၁၊ ၃၊ ၂၀၀၇ နံနက် ၅ နာရီအချိန် သက်ဆိုင်ရာထိုင်းရဲ၊ စစ်တပ်နှင့် လူဝင်မှုကြီးကြပ်ရေးရဲ အင်အား ၅၀ ခန့်သည် ချင်းမိုင်မြို့ ခမ်းထိန့်ဈေးတဝိုက်နှင့် မိန်းမိုင်ဟင်းသီးဟင်းရွက်ဈေးတွင် တရားမဝင် ရွှေ့ပြောင်းအလုပ်သမားများအား ရှောင်တခင်သွားရောက်စစ်ဆေးရာ ခမ်းထိန့်ဈေးအနီးအနား၌ အယောက် ၅၀ ခန့်ဖမ်းဆီးသွားကြောင်း၊ မိန်းမိုင်ဈေးတဝိုက်တွင်မူ မွန်းလွဲပိုင်းအထိ ဆက်လက် ဖမ်းဆီးနေသော်လည်း အဖမ်းခံရသူ အရေအတွက်မသိရသေးကြောင်း၊ အများစုမှာ သျှမ်းလူမျိုးများဖြစ်ကြောင်း ပြောဆိုနေကြသည်။

လွန်ခဲ့သည့် ၂၁၊ ၂၊ ၂၀၀၇ ကလည်း ဘန်ကောက်နှင့် ချင်းမိုင်လဝက ရဲများသည် နံနက် ၆ နာရီ မှ ၉ နာရီ အကြားအလုပ် ဝင်ခါနီး ချင်းမိုင်မြို့ ခမ်းထိန့်ဈေး မီးပွိုင့်အနီး လိုင်းကားစောင့်စီးနေကျ ပလက်ဖောင်းပေါ် ၌ ရွှေ့ပြောင်းအလုပ်သမားများအား ရုတ်တရက်ဝင်ရောက်စစ်ဆေးရာ အယောက် ၆၀ ကား ၂ စီးစာခန့် ကဒ်ရှိသူရော၊ ကဒ်မရှိသူများပါဖမ်းဆီးသွားကြောင်း၊ ကဒ်ရှိသူများကို ဒဏ်ငွေဆောင်ခိုင်းပြီးကဒ်မရှိသူများအား ဖမ်းဆီးချုပ်နှောင်ထားကြောင်း၊ လက်ကိုင်ဖုန်းများကိုပင်သိမ်းယူကြောင်း အလုပ်သမားအသိုင်းအဝိုင်းက ဆိုပါသည်။ ဖမ်းဆီးနေစဉ်ထွက်ပြေးသူများရှိသလို၊ ကဒ်ပြားလက်ဝယ် ကိုင်မထားရကောင်းလား ဟုဆိုကာ သွားကျိုးသည်အထိ ထိုင်းရဲများ ရိုက်ပုပ်ထိုးကြိတ်မှုများလည်းရှိကြောင်း အဖမ်းခံရသူအချို့ကပြန်ပြောပြပါသည်။

ရွှေ့ပြောင်းအလုပ်သမားများရှင်းလင်းရေးပေါ်လစီအရ ထိုင်းအစိုးရသည် ၂၀၀၆ ခုနှစ် နှောင်းပိုင်းမှစ၍ ထိုင်းမီဒီယာများမှတဆင့်သတင်းများထုတ်ပြန်ကြေငြာသည့်အတိုင်း လက်တွေ့၌လည်းနေရာအနှံ့ပြင်းပြင်းထန်ထန်နှိပ်ကွပ်လျက်ရှိသည်။ ထိုင်းအစိုးရသည် ယခု ၂၀၀၇ ခုနှစ် အတွင်းတရားမဝင်ရွှေ့ပြောင်းအလုပ်သမားများ ပိုက်စိပ်တိုက်ရှင်းလင်းသွားမည့် ပေါ်လစီ မုချကျင့်သုံးသွားမည်ဖြစ်သည် ဟုထိုင်းရဲအရာရှိတစ်ဦးမှ သျှမ်းသံတော်ဆင့်သို့ ပြောပြဖူးသည်။

# တရားမဝင်အလုပ်သမား ဖမ်းဆီးရေး ဆက်လက် ဆောင်ရွက်

၁၂၊၃၊၂၀၀၇ ရက်နေ့ထိုင်းဝက်(ပ)ဆိုက်သတင်းအရပြီးခဲ့သည့် ၁၀၊၃၊၂၀၀၇ နေ့တွင် ချင်းရိုင်းခရိုင် မယ်ဆိုင်မြို့နယ် ထိုင်းရဲများသည် တာချီလိတ်ဘက်မှ တရားမဝင်အလုပ်သမားများ ထိုင်းနိုင်ငံသို့ ဝင်လာဖွယ်ရှိကြောင်း ကြိုတင်သတင်းရသဖြင့် မယ်ဆိုင်မြို့နယ် ဖန်းခမ်းကျေးရွာအုပ်စု လူမှောင်ခိုများသယ်ဆောင်လေ့ ရှိသည့် ဆိုင်လုံးကျွဲလမ်းပေါ် ၌ ဂိတ်ချစစ်ဆေးခဲ့ရာ ညနေ ၆ နာရီအချိန် အရှိန်ဖြင့်မောင်းနှင်လာသည့် အနီရောင်ဆလွန်းကား တစ်စီးအားဟန့်တားစစ်ဆေးစဉ် သျှမ်းလူမျိုး ၄ ဦး(ကျား ၂၊ မ ၂ ) တင်ဆောင်လာသည်ကို တွေ့ရသဖြင့် ယာဉ်မောင်း နိုင်းဆီဝဂွန်း ခတ်တိယ (အသက် ၄၀ နှစ်) အားစစ်ဆေးခဲ့သည်။ ချင်းမိုင်ခရိုင်၊ ဆာရဖီးမြို့နယ် ပါပုံကျေးရွာအုပ်စု ၂ တွင်နေထိုင်သူဖြစ်ပြီး ချင်းမိုင်မြို့ရှိသတင်းဌာနတစ်ခုမှ သတင်းထောက်တဦးဖြစ်သည်ဟု ပြောဆိုသည်။ ခိုးဝင်လာသူ ၄ ဦးက တာချီလိတ်မှ ချင်းမိုင်အထိ ကားခတစ်ယောက် ၃၅၀၀ ဘတ်ပေးရသည်ဟုဆိုသည်။ ၎င်းတို့ ၄ ဦးအား တရားစီရင်ပြစ်ဒဏ်ပေးရန်နှင့် ကျန်နေသေးသည့် လူကုန်ကူးအဖွဲ့အား သက်ဆိုင်ရာအာဏာပိုင်များမှ ဆက်လက်စုံစမ်းနိုင်ရန် မယ်ဆိုင်မြို့ လူဝင်မှုစစ်ဆေးရေးရုံးသို့ ပြန်ပို့ပေးလိုက်သည်ဟု ဆိုပါသည်။

အလားတူ ၁၁၊၃၊၂၀၀၇ တွင်လည်း ထိုင်းစစ်တပ်ရိန်းဂျားအမှတ် ၃၅ မှ တပ်ရင်းမှူးသည် အုပ်ချုပ်ရေးဆိုင်ရာ အာဏာပိုင်များနှင့် စစ်သားများလိုက်ပါလျက်မဲဆောက်မြို့ မဲကူကျေးရွာအုပ်စု ဝမ့်တာခဲန်းရွာကို သွားရောက်ဝိုင်းရံစစ်ဆေးရာ ပြောင်းဖူးခြံအတွင်းအလုပ်လုပ်ရန်လာရောက်နေထိုင်သူ တဲ ၇၃ လုံးမှ ဗမာလူမျိုးအယောက် ၃၀၀ ဖမ်းဆီးရမိကြောင်း မတိချွန်းထိုင်းသတင်းစာတွင်ဖော်ပြထားပါသည်။ အာဏာပိုင်များက ဖမ်းဆီးရမိသည့် တရား မဝင်အလုပ်သမား ၃၀၀ အား မြန်မာနိုင်ငံပြန်ပို့ရန် တတ်ခရိုင် လူဝင်မှုစစ်ဆေးရေးရုံးသို့ ပို့လိုက်ပြီဖြစ်သည်ဟုဆိုသည်။

ထိုင်းအစိုးရသည် ပြီးခဲ့သည့်လမှစ၍ တရားမဝင်အလုပ်သမားကဒ်ရှိသူများကို သက်တမ်းတိုးပေး နေသလို တဘက်တလမ်း၌လည်း တရားမဝင် ကဒ်ပြားမဲ့အလုပ်သမားများအား ပြင်းထန်စွာ ဖမ်းဆီးစစ်ဆေးအရေးယူလျက်ရှိသည်။❑



# အဓမ္မလုပ်အားခိုင်းစေမှုကြောင့် ပြည်သူများ ထိုင်းနိုင်ငံသို့ထွက်ပြေး

၂၀၀၆ နှစ်လယ်မှစ၍ နအဖအလင်းဝင်အပစ်ရပ်သွားသည့် ဒု–ဗိုလ်မှူးကြီးမိုင်းစင့် ဦးဆောင်သော တပ်မ ဟာ ၇၅၈ အဖွဲ့နှင့် နအဖ စစ်တပ်တို့ပူးပေါင်းပြီး ပြည်သူများအား အဓမ္မလုပ်အားခိုင်းစေမှု၊ ဆက်ကြေးကောက်မှု၊ တနေ့တခြားပိုမိုဆိုးဝါးလာသောကြောင့် သျှမ်းပြည်အလယ်ပိုင်းမှ ပြည်သူများ ထိုင်းနိုင်ငံသို့တသုတ်ပြီးတသုတ် ထွက်ပြေးနေကြကြောင်း၊ မိဘနှစ်ပါးအားရွာမှ ထိုင်းနိုင်ငံ သို့ ခေါ်လာသူ အမျိုးသမီးတစ်ဦးကပြောဆိုပါသည်။

နအဖထံအပစ်ရပ် အလင်းဝင်သွားသည့် **SSA-S** တပ်မဟာ ၇၅၈ မှ ဒု–ဗိုလ်မှူးကြီးမိုင်းစင့်နှင့်အဖွဲ့ဝင်အချို့သည် ၂၀၀၆ နှောင်းပိုင်း၌ အလင်းဝင်လိုက် တောပြန်ခိုလိုက်ဖြစ်နေရာ နအဖ စစ်တပ်ကလည်း မိုင်းကိုင်ဒေသခံပြည်သူများအားလုံခြုံရေးအကြောင်းပြချက်ဖြင့် ရွာပြင်ထွက်လယ်ယာလုပ်ခွင့် ဟန့်တားထားသောကြောင့်ရွာသားများအခက်တွေ့နေရကြောင်းဆိုပါသည်။ ထို့အပြင် ဒေသခံ နအဖ စစ်တပ်မှရွာသားများအား ကြက်ဆူပင်စိုက်ပျိုးခိုင်းခြင်း၊ စိုက်ခင်းပေါင်းမြက်ရှင်းလင်းစေခြင်း၊ ကြက်ဆူသီးများခူးခိုင်းခြင်း၊ ကြက်ဆူစေ့နှင့်ခြံထွက် သီးနှံများ သိုလှောင်ရန် ၇၅ ပေ× ၁၅ ပေအကျယ် ဂိုဒေါင်ပြုလုပ်စေခြင်း စသော အဓမ္မလုပ်အားခိုင်းစေနေသည်ဟု ဆိုပါသည်။ ၂၀၀၆ ဇူလိုင်လတွင် ကွန်ဟိန်းမြို့နယ် ဝမ့်ကောင်ဝိုးလုံရွာနေ အမျိုးသမီးတစ်ဦးသည် အသက် ၆၀ အရွယ် မိဘနှစ်ဦးနှင့်အတူ ၂ ရက်ခြားတစ်ခါ စစ်တပ်အတွက်လုပ်အားပေးနေရသည်ကိုမခံနိုင်သည့်အပြင် ဝမ်းရေး ပြဿနာ ဖြေရှင်းရန် တနေ့တခြားခက်ခဲလာခြင်းကြောင့် မိဘ ၂ ပါးကိုထိုင်းနိုင်ငံသို့အရဲစွန့်ခေါ်ဆောင်လာခဲ့ကြောင်း၎င်းအမျိုးသမီးက ဆိုပါသည်။

သျှမ်းပြည်တောင်ပိုင်း နမ့်စန်၊ မိုးနဲ၊ လင်းခေး၊ မိုင်းပန် ဒေသများတွင်လည်း ၂၀၀၆ နှစ်ဦးပိုင်းမှစ၍ ကြက်ဆူပင်စိုက်ပျိုးစေခြင်း၊ နအဖစစ်တပ်အတွက် လယ်ထွန်စပါးစိုက်ပေးရခြင်း၊ ထိုမျှမက မီးကင်း၊ လုံခြုံရေးကင်းစောင့်ရခြင်း၊ နယ်လှည့်စစ်ကြောင်းများနှင့်အတူ ၃–၄ ရက်ခြားလိုက်ရသည့်ပေါ်တာကြေးအတွက် ငွေထည့်ရခြင်း စသည်တို့ကြောင့် မိသားစုဝမ်းစာရှာချိန်မရှိဘဲ ကျေးလက်လူထု ဒုက္ခ ရောက်နေကြသည် ဟုလည်းဆိုပါသည်။

သျှမ်းပြည်ဒေသအသီးသီးမှ ထိုင်းနိုင်ငံသို့ ဝင်သည့်လမ်းကြောင်းမှာ ကွန်ဟိန်း ၊ မိုင်းပြင်း၊ ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းယောင်းမှ ဆန်တွန့်လူ၊ တာဆွတ်ဖုန်သို့ လည်းကောင်း၊ နမ့်စန်၊ မိုးနဲ၊ လင်းခေး၊ မိုင်းပန်၊ မိုင်းတုံ၊ မိုင်းဟန်မှ မိုင်းဖုန်သို့လည်းကောင်းဖြစ်၏။ နယ်စပ်အထိကားခမှာ ကျပ်သိန်းနှင့်ချီပေးရကြောင်း၊ နယ်စပ်မှတဆင့် မိမိသွားလိုရာ ချင်းမိုင်၊ ဘန်ကောက်မြို့များသို့ ကြားပွဲစားမှ ထပ်မံ သယ်ပို့သည့်ကားခမှာ ဘတ် ၇၀၀၀ မှ ၁၅၀၀၀ ထိပေးရကြောင်းသိရသည်။

# လယ်မြေ အသိမ်းခံရသည့်လယ်သူမ စက်ကန်ထဲခုန်ချ သေဆုံး

သန်လျင်မြို့နယ် ဗိုလ်ချုပ်ရွာတွင်နေထိုင်သူ ဒေါ်စန်းရီသည် လယ်မြေအမြောက်အများပိုင်ဆိုင်ပြီး သန်လျင်မြို့နယ် တောင်သူ လယ်သမားများအရေးကို ဦးစီးကူညီဆောင်ရွက်လေ့ရှိသူ တစ်ဦးဖြစ်သည့် အလျောက် စစ်အစိုးရမှ တောင်သူလယ်သမားများအား ငွေချေးပေးသည့်ကိစ္စအတွက် အာမခံတာဝန်ယူပေးသူတစ်ဦးလည်း ဖြစ်သည်ဟု ဆိုပါသည်။ လွန်ခဲ့သည့်အပတ်က ဒေါ်စန်းရီ၏လယ်မြေအနီး၌ ရွာသားတစ်ဦးက ချုံပုပ်များကိုမီးရှို့သဖြင့် အာဏာပိုင်များ ဖမ်းဆီးအရေးယူခဲ့သော်လည်း မကြာမီတွင် အာမခံချက်ဖြင့် ပြန်လည်လွတ်မြောက်သွားပါသည်။ သို့သော် မီးရှို့ခံရသည့် ဒေါ်စန်းရီ၏လယ်မှာ သန်လျင်ရေနံချက်စက်ရုံနှင့်နီးသောကြောင့်၊ စက်ရုံလုံခြုံရေးအတွက်ဟု အကြောင်းပြကာ၎င်း၏လယ်မြေအားလုံးအပါအဝင် တခြားသူများ၏ လယ်မြေများကိုပါ သိမ်းယူမည်ဖြစ်ကြောင်း အာဏာပိုင်မှ ဒေါ်စန်းရီ အားခေါ်ပြောပြီးနောက်ပိုင်း ၆၊ ၃၊ ၂၀၀၇ တွင် ဒေါ်စန်းရီသည် စိတ်ထိခိုက်ကာ ရေနံချက်စက်ရုံမှသုံးသည့် စက်ကန် ရေလှောင်တမံထဲသို့ခုန်ချကာ မိမိကိုယ်ကို အဆုံးစီရင်လိုက်တော့၏။ ၎င်းနှင့်ပတ်သက်၍ ကျန်လယ်သမားများ၏လယ်မြေများပါ အလကားအသိမ်းခံရမည်စိုးရိမ် သောကြောင့် ဒေါ်စန်းရီသည် အသက်နှင့်လဲ၍ ရင်ဆိုင်သွားခြင်းဖြစ်သည်ဟု သန်လျင်မြို့ရှိတောင်သူလယ်သမားများယူဆကာ ဒေါ်စန်းရီအတွက်ဝမ်းနည်းကြေကွဲကြကြောင်း သိရသည်။

မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် စစ်တပ်တည်ဆောက်ရေး၊ မြို့သစ်တည်ဆောက်ရေးနှင့် စက်မှုဇုံ တည်ဆောက်ရေးစသည်ဖြင့် စီမံကိန်းအကြောင်းအမျိုးမျိုးပြကာ ပြည်သူပိုင်လယ်ယာခြံမြေများကို အစိုးရက သိမ်းယူလျက်ရှိနေပါသည်။ ထိုသို့သိမ်းယူရာတွင် လယ်သမားအချို့မှာစစ်အစိုးရထံမှ မဖြစ်စလောက်အခကြေးငွေ ပြန်လည်ရရှိသော်လည်း အချို့မှာလျော်ကြေးပြန်မရသည်သာမက စစ်တပ်အတွက်စပါးစိုက်ပေးရခြင်း၊ လုပ်အားပေးရခြင်းများ ထပ်မံသွားလုပ်ပေးနေရသည်။ သို့သော် ဒေါ်စန်းရီကဲ့သို့ အသက်နှင့်လဲ၍ရင်ဆိုင်ခဲ့သူ မတွေ့ဖူးသေးကြောင်း သန်လျင်မှလယ်သမားများပြောဆိုနေကြသည်။

# ကရင်၊ ကရင်နီတပ်ကို သျှမ်းတပ်မှတပ်ကူမပို့နိုင်ရန် နအဖ တပ်တိုးချဲ့အားဖြည့်

၉၊၃၊၀၇ ရက်နေ့ ချင်းမိုင်ခရိုင် ဝိန်းဟဲန်မြို့နယ်နှင့် မျက်နှာချင်းဆိုင် မိုင်းကျွက်သို့ စစ်သားတင်နအဖ စစ်ယာဉ်တန်း ၆ ဘီးကား ၁၀ စီးထက်မနဲ ရောက်ရှိလာခြင်း၊ ၆၊၃၊၀၇ ရက် ဝိန်းဟဲန်တိုက်နယ် ပိန်းလုံ အုပ်စုနှင့် မျက်နှာချင်းဆိုင် ပန်မိုင်ဆွန်နှင့် ယမ်းမိုင်ဆမ်တပ်စခန်းထိုင် ခလရ ၂၂၆ တပ်ရင်းနေရာ၌ သျှမ်းပြည်တပ်မတော်တောင်ပိုင်း SSA-S လွယ်လမ်တပ်စခန်းကိုစောင့်ကြည့်ရန် ခလရ ၄၃ မှလာရောက် အစားထိုးတပ်လဲခြင်း၊ မိုင်းဖုန်မြို့နယ် မွမ့်ပင်အုပ်စုနှင့် မျက်နှာချင်းဆိုင် လွယ်ဆန်စုတောင်ကြောတစ်ဝိုက် တပ်ချသော SSA-S တပ်မဟာ ၇၂၇ အားစောင့်ကြည့်ရန် ခလရ ၆၃ တပ်နှင့်အတူ ခမရ ၃၀၆ မှ တပ်လဲ စောင့်ကြပ်လာခြင်းတို့သည် နအဖစစ်တပ်၏ ထူးခြားသော လှုပ်ရှားမှု များဖြစ်သည်ဟုဆိုပါသည်။ ဟိုမိန်းတွင်မူ တပ်လဲခြင်းမဟုတ်ဘဲ ခလရ ၂၉၆ နှင့် ခမယ ၄၂၂ တပ်ရင်း ၂ ရင်းဖြင့် ၂၈၊၂၊၀၇ တွင် ထပ်မံတိုးချဲ့ အားဖြည့်လာခြင်းဖြစ်သည်ဟု ဆိုပါသည်။

နအဖစစ်တပ်ပြောင်းရွှေ့တပ်ချထားမှု၊ တိုးချဲ့ဖြည့်စွက်လာမှု များနှင့်ပတ်သက်၍ သျှမ်းပြည်တပ်မ တော်တောင်ပိုင်း SSA-S ဥက္ကဌ ဗိုလ်မှူးယွတ်စစ်က ဤလုပ်ရပ်သည် ကရင်နီတပ်မတော်အား သျှမ်း တပ်မတော်မှ အကူအညီမပေးနိုင်အောင် ဟန့်တားအင်အားဆွဲထား ခြင်းဖြစ်နိုင်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် လွန်ခဲ့သော ၂၀၀၅ ခုနှစ် ဉာဏ်မိုးတောင်၌ ကရင်နီတပ်ကို နအဖစစ်တပ်မှ ဝင်ရောက်ပစ်ခတ်စဉ် SSA-S က ကရင်နီတပ်ဘက်မှ ဝင်ရောက်ကူညီပစ်ခတ်ပေးခဲ့ဖူးသဖြင့် ကရင်နီတပ်မတော်မှ SSA-S အား မိတ်ဆွေကောင်းအဖြစ် သတ်မှတ် ခဲ့သည်ဟု ဆိုပါသည်။

ထိုကိစ္စနှင့်ပတ်သက်၍ ကန္တာရဝတိုင်း(မ်)သတင်းစဉ်၌ မကြာသေးမီက ကရင်နီတပ်ထံလာပူးပေါင်းသည့် နအဖစစ်တပ်မှ ဒု– တပ်ကြပ်တစ်ဦး၏အဆိုအရ နအဖစစ်တပ်သည် လာမည့် ဧပြီလ အ တွင်း ကရင်နီတပ်နှင့်သျှမ်းတပ်အား ဧကန်မုချဝင်တိုက်မည်ဖြစ်သည် ဟု ဆိုပါသည်။ ကရင်နီ တပ်မတော်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ဘီထူး က လည်း လာမည့်ဧပြီလတွင် ကရင်နီတပ်နှင့် သျှမ်းပြည်တပ်မတော်အား ထိုးစစ်ဆင်ရန်အတွက် တစ်နှစ်စာစစ်ရိက္ခာကို မတ်လအတွင်း အပြီး ဖြည့်ထားရန် နအဖ တပ်မှညွှန်ကြားထားသည်ဟု ကြားသိရကြောင်း ဆိုပါသည်။

ချင်းမိုင်ထုတ် ချင်းမိုင်မေးလ်အပတ်စဉ်သတင်းစာကလည်း ယခုတလောနအဖစစ်တပ်မှထွက်ပြေးသည့်တပ်သားများယခင်ကထက် ပိုများလာကြောင်း၊ အများစုမှာ ထိုင်းနိုင်ငံသို့ထွက်ပြေးရောက်ရှိပြီး အချို့မှာ ကရင်နီတပ်မတော်နှင့်ပူးပေါင်းသွားကြောင်း ဆိုပါသည်။ ထွက်ပြေးလာသောစစ်သားများအားမေးမြန်းရာ နအဖစစ် တပ် အတွင်း၌လည်း ဗမာမဟုတ်သည့် အခြားတိုင်းရင်းသားစစ်သား များအပေါ် နိုင်ထက်စီးနင်းဆက်ဆံသဖြင့် မခံနိုင်၍ ထွက်ပြေးခဲ့ကြရ သည် ဟုပြောဆိုပါသည်။

နအဖစစ်တပ်သည် တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲ ရေး ဒို့အရေးဟူ၍ ၎င်း၏ဆောင်ပုဒ်ကို နေ့တရုဝဖေါ် ပြနေသော်လည်း လက်တွေ့တွင်မူ တိုင်းရင်းသားများအပေါ် ထိုးစစ်ဆင်ရန် စစ်ရေး ပြင် ဆင်မှုများပြုလုပ်နေခဲ့၏။ ထို့အပြင် ပြီးခဲ့သည့် ၈၊၃၊၂၀၀၇ ရက် နေ့ကလည်းတိုးတက်သော ဗုဒ္ဓဘာသာကရင် အမျိုးသားတပ်မတော် (DKBA)နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) တို့တိုက်ခိုက်စဉ်ကလည်း (DKBA) ဘက်မှ လက်နက်ကြီးများ ကူပစ်ပေးခဲ့ကြောင်း သိရပါသည်။ ❑

# ဝတ္တကမြေ၌ ချုံနွယ်ရှင်းနေသည့် ပန်းဒကာ သတ်ဖြတ်ခံရ

၁၀၊၂၊၂၀၀၇ ရက်နေ့ကွန်ဟိန်းမြို့တောင်ဘက်ရှိ ဝမ့်လောင်း ကျေးရွာအုပ်စုမှ နှစ်စဉ်ကျင်းပမြဲ ဝမ်လောင်းရွာဦးတပေါင်းလပြည့် ဘုရားပွဲမြေနေရာဖြစ်သော ရွာအရှေ့ဘက်တောစပ်ရှိ ဂူဝအနီးတွင် ရွာမှပန်းဒကာဦးပညာ(၅၅နှစ်)ချုံနွယ်ပေါင်းမြက်များကို ခုတ်ထွင်ရှင်း လင်းရာ ညနေစောင်းတိုင်အိမ်ပြန်မရောက်သဖြင့်မိသားစုမှသွားရောက် ရှာဖွေစဉ် လည်ပင်းပြတ်လုနီးပါးဒဏ်ရာဖြင့် ဂူဝ၌သေဆုံးနေသော ဦးပညာ၏အလောင်းနှင့်အတူ အနီးအနား၌ ဗမာစစ်သား၏ စစ်ဖိနပ် ခြေရာများတွေ့ရကြောင်းဆိုပါသည်။ အကျိုးအကြောင်းကို ဆက်လက် စုံစမ်းရာ ကွန်ဟိန်း–မိုင်းပြင်း အကြားရှိ တာ့ကော့် သံလွင် တံတားအနီး ဟိုတန့်ရွာအခြေစိုက်ခမရ ၂၉၆ မှစစ်သားများ၏ လက်ချက်ဖြစ်နိုင် ကြောင်းယူဆသဖြင့် ၁၊၂၊၀၇ တွင်ဝမ့်ကုန်းဆာ ရွာသူကြီးနှင့် ဝမ့် လောင်းကျေးရွာအုပ်စုဥက္ကဌတို့က ကွန်ဟိန်း မယက ရုံးသို့ တိုင်ကြား ခဲ့သည်ဟုဆိုပါသည်။ သို့သော် အခင်းဖြစ်ချိန်တွင် ခမရ ၂၉၆ သည် ဟိုမိန်းသို့ပြောင်းရွှေ့သွားပြီး လွယ်ကော်မှပြောင်းလာသည့် တပ်ရင်း အသစ်စခန်းထိုင်စဉ်ဖြစ်သဖြင့် ရွာသားများယိုးစွပ်သကဲ့သို့မဖြစ်နိုင် ကြောင်း ဒု–တပ်ရင်းမှူး ဗိုလ်မှူးသန့်ဇင်ဦး ကတုန့်ပြန်ပြောဆိုခဲ့၍ ဦးပညာအမှုမှာလည်း ယနေ့တိုင် အရေးယူဆောင် ရွက်ပေးခြင်းမခံရပဲ ငြိမ်သက်လျက်ရှိကြောင်း ဒေသခံများက ဆိုသည်။

ကွန်ဟိန်း ခမရ ၂၉၆ သည် ၂၅၊ ၂၊ ၀၇ တွင် ရှမ်းပြည် တောင်ပိုင်း ဟိုမိန်းသို့ နောက်ဆုံးအသုတ်ပြောင်းရွှေ့တပ်ချခဲ့ပြီး တပ်ရင်းမှူးမှာ ဒု–ဗိုလ်မှူးကြီးစောနိုင်ဖြစ်ကြောင်း၊ ဒု–ဗိုလ်မှူးကြီး စောနိုင်တို့ ဇနီးမောင်နှံသည် လားရှိုးဇာတိသျှမ်းလူမျိုးဖြစ်ပြီး ၎င်း၏ရုံး အဖွဲ့ဝင်အချို့နှင့် သျှမ်းစကားပြောဆိုဆက်ဆံလေ့ရှိကြောင်း ဆိုသည်။

# နန်းချမ်းတောင်း (သို့) နှလုံးသား သံသရာ စက်ဝန်းကို လည်ပတ်စေသူ

နော်ဝေးနိုင်ငံ ထရွန်ဟိမ်း ကျောင်းသားငြိမ်းချမ်းရေးဆုကို မြန်မာပြည်က အသက် ၂၅ နှစ်သာရှိသေးတဲ့ ရှမ်းအမျိုးသမီးလေး နန်းချမ်းတောင်းကို မကြာသေးခင်က ချီးမြှင့်ခဲ့ပါတယ်။

နန်းချမ်းတောင်းဟာ နိုင်ငံတကာ ဆုတွေနဲ့ ထူးခြားတဲ့ အခွင့်အလမ်းတွေကို ရှားရှားပါးပါးရရှိခဲ့တဲ့ ရှမ်းဒုက္ခသည် အမျိုးသမီးလေး တယောက်ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ၂၀၀၅ ခုနှစ် တုန်းကဆိုရင်တော့ အမေရိကန်သမ္မတ ဂျော့ချ် ဒဗလျူ ဘွတ်ရှ်ဟာ သူမကို အိမ်ဖြူတော်ထဲမှာဖိတ်ကြားပြီး တွေ့ဆုံခဲ့ပါသေးတယ်။ ချမ်းတောင်းဟာ ကမ္ဘာမှာသြဇာတိက္ကမ အရှိဆုံး ပုဂ္ဂိုလ်ကြီးကို တနာရီလောက်ကြာအောင် မြန်မာပြည်က ပြည်သူတွေရဲ့ ဒုက္ခဆင်းရဲတွေအကြောင်း ပြောပြနိုင်ခဲ့ပါတယ်။

ဒါတင်မကပါဘူး။ နန်းချမ်းတောင်းဟာ ၂၀၀၆ ခုနှစ်ထဲမှာလည်း ဗြိတိသျှ နိုင်ငံခြားရေးဝန်ကြီး ဂျက်စထရောနဲ့ လွှတ်တော်အမတ်တွေကို တွေ့ဆုံခွင့်ရခဲ့ပြန်ပါတယ်။ ဒါဟာထိုင်းနိုင်ငံမှာနေထိုင်နေရတဲ့ မြန်မာပြည်က ဒုက္ခသည်တွေအတွက်တော့ စဉ်းစားမိဖို့ရာတောင်မလွယ်တဲ့ အခွင့်အလမ်းတွေ ဖြစ်ပါတယ်။

နန်းချမ်းတောင်းဟာ ဒီလို အခွင့်အလမ်းတွေရခဲ့တဲ့အပြင် နာမည်ကျော် မာရီကလဲ အမျိုးသမီးမဂ္ဂဇင်းကြီးရဲ့ ၂၀၀၄ ခုနှစ် ကမ္ဘာပေါ်က ထင်ရှားကျော်ကြားတဲ့ အမျိုးသမီးတွေစာရင်းမှာ ဖော်ပြခံခဲ့ရသလို ၂၀၀၅ ခုနှစ်မှာ တိုင်းမ် မဂ္ဂဇင်းရဲ့ အာရှသူရဲကောင်းအဖြစ် ဖော်ထုတ်ခြင်းကိုလည်း ခံခဲ့ရပါသေးတယ်။ နိုင်ငံတကာ ရီးဘောက်လူ့အခွင့်အရေးဆုကိုတော့ ၂၀၀၅ ခုနှစ်မှာ ချီးမြှင့်ခံခဲ့ရပါတယ်။




Photo : Website

နန်းချမ်းတောင်းကို တွေ့ဆုံ စကားပြောခွင့်ရတဲ့ နေရာကတော့ ထိုင်းနိုင်ငံ ချင်းမိုင်တက္ကသိုလ်က နိုင်ငံတကာစင်တာရဲ့ ကော်ဖီဆိုင်လေးမှာဖြစ်ပါတယ်။ သူမဟာ နိုင်ငံခြားသားလှူပ်ရှားသူတချို့နဲ့ မြန်မာပြည်အရေး ဆွေးနွေးနေခဲ့ပါတယ်။

အခုလို နိုင်ငံတကာ ချီးမြှင့်မှုတွေရရှိတာနဲ့ ရောင့်ရဲမနေပဲ အများကြီးဆက်ကြိုးစားဖို့လိုသေးတယ် လို့ နန်းချမ်းတောင်းက ပြောပါတယ်။

"ကျွန်မတို့လုပ်ခဲ့တဲ့ အလုပ်တွေအပေါ်မှာ နိုင်ငံတကာက အသိအမှတ်ပြုမှုတွေအမြောက်အများရပေမဲ့လည်း ဝမ်းနည်းစရာကောင်းတာက လက်တွေ့မှာမြန်မာစစ်အုပ်စုက ပြစ်မှုတွေကို ဆက်လက်ကျူးလွန်နေဆဲဖြစ်ပါတယ်။ ပြည်သူတွေအပေါ်မှာ ရက်စက်ယုတ်မာမှုတွေလုပ်နေဆဲဖြစ်ပါတယ်။ ကျွန်မတို့လိုချင်တဲ့ ပန်းတိုင်ကိုရောက်နိုင်ဖို့ လွယ်လွယ်နဲ့ဖြစ်မှာမဟုတ်ဘူးဆိုတာသိထားတဲ့ အတွက်လည်းကျွန်မတို့တတွေအတူတကွလက်တွဲကြဖို့လိုတယ်။ လူထုကြားမှာ တည်ဆောက်ရေးလုပ်ငန်းတွေနဲ့ နိုင်ငံတကာ ကူညီထောက်ပံ့မှုတွေပူးပေါင်းခြင်းအားဖြင့်တချိန်ချိန်မှာအပြောင်းအလဲဖြစ်လာရမှာပါ။ ကျွန်မတို့တတွေ မျှော်လင့်ချက်ကိုဆုပ်ကိုင်ထားဖို့လိုပါတယ်။ ကြုံလာသမျှ အခက်အခဲတွေကို အရှုံးမပေးဖို့လိုပါတယ်။"

နန်းချမ်းတောင်းကို ပြည်တွင်းစစ်တွေဖြစ်နေခဲ့တဲ့ ရှမ်းပြည်အလယ်ပိုင်းမှာ မွေးဖွားခဲ့တာပါ။ သူ့အဖေကတော့ မြန်မာစစ်အုပ်စုကိုတော်လှန်နေတဲ့ရှမ်းပြည်တပ်မတော်ကတပ်မှူးတယောက်ဖြစ်ခဲ့ပါတယ်။ နန်းချမ်းတောင်း အသက် ၆ နှစ် ရောက်တဲ့အချိန်မှာပဲ နယ်စပ်မှာရှိတဲ့ မိဘမဲ့ဂေဟာတခုကို သူ့မိဘတွေကပို့ထားလိုက်ပါတယ်။ အဲဒီမှာရှိတဲ့ ဆရာမရဲ့တင်းကြပ်တဲ့ စည်းမျဉ်းစည်းကမ်းတွေအောက်မှာ ချမ်းတောင်း တယောက် ကြီးပြင်းခဲ့ရတာပါ။

နယ်စပ်က ချမ်းတောင်းနေခဲ့ရတဲ့ မိဘမဲ့ဂေဟာလေးကို သွားကြည့်တဲ့အခါမှာတော့ခြံဝန်းလေးတခုထဲမှာကလေးအယောက်သုံးဆယ်လောက်စာသင်နေကြတာကိုတွေ့ရပါတယ်။ အမိုးသာရှိပြီး အကာမရှိတဲ့လေဟာပြင် စာသင်ခန်းလေးထဲမှာ ဆရာတယောက်က တရုတ်စာသင်ပေးနေပြီး ကလေးတွေကနောက်ကလိုက်ဆိုနေကြပါတယ်။

ကလေးတွေရဲ့ စာအံသံတွေ ကြားကဖြတ်လာပြီးတဲ့ နောက်မှာတော့ ဂေဟာကိုတည်ထောင်ခဲ့တဲ့၊ အသက် ၇၀ လောက်ရှိပြီဖြစ်တဲ့ ဆရာမကြီး မေရီ ကိုတွေ့ရပါတယ်။ ဆံပင်တွေ ဖြူနေပြီဖြစ်ပေမဲ့လည်း ဆရာမမေရီရဲ့ မျက်လုံးတွေကတော့ စွမ်းအားတွေ ပြည့်ဝနေသလိုပါပဲ။ တောက်ပနေပါတယ်။ သတ္တိရှိတဲ့၊ အရာရာကို ရင်ဆိုင်ရဲတဲ့ ရှားပါးတဲ့ အမျိုးသမီးတယောက်ရဲ့အင်အားတွေကို တွေ့မြင်နေရပါတယ်။

"ကျွန်မကို ဘုရင်ဂျီ သီလရှင်တွေက သင်ကြားပေးခဲ့တာပါ။ သူတို့တွေကိုအတုယူပြီး ကလေးတွေကို ကျွန်မပြန်သင်ကြားပေးပါတယ်။" ပြောရင်း ဆရာမမေရီက အနည်းငယ်ရယ်မောလိုက်ပါတယ်။

"မနက်စောစောလေးနာရီခွဲမှာ သူတို့တွေ အိပ်ရာထရတယ်။

ကိုယ်လက်သန့်ရှင်းရေးလုပ်ရတယ်။ ငါးနာရီခွဲရင်တော့ အင်္ဂလိပ်စာသင်ဖို့အဆင်သင့်ဖြစ်နေရတယ်။၆နာရီခွဲအထိအင်္ဂလိပ်စာသင်ရတယ်။ အဲဒီနောက်တော့ သူတို့တွေအတွက်ရမယ့် မုန့်ဖိုးလာယူ အ၀တ်အစားလဲပြီး ထိုင်းကျောင်းကိုသွားရပါတယ်။” ဆရာမမေရီအိမ်မှာနေတဲ့မိဘမဲ့ကလေးတွေက တရက်ကိုမုန့်ဘိုး ဆယ်ဘတ်ရကြပါတယ်။

“ထိုင်းကျောင်းက ပြန်လာရင် သူတို့အလုပ်တွေ သူတို့လုပ်ရတယ်။ အဲဒီနောက် သူတို့ညစာစားရပါတယ်။ ညနေ ၆ နာရီကနေ ၇ နာရီ အထိတော့ ရှမ်းစာသင်ရတယ်။ ၇ နာရီကနေ ၈ နာရီ အထိ သူတို့ယဏ္ဍန်းယက်ရပါတယ်။ ည ၈ နာရီက ၉ နာရီအထိတော့ အိမ်စာလုပ်ရတယ်။ စာကျက်ရတယ်။ ၉ နာရီထိုးတာနဲ့ အိပ်ရပါတယ်။”

ဒါဟာ နန်းချမ်တောင်းတယောက် ၉ နှစ်ကျော်၊ ၁၀ နှစ်နီးပါးနေခဲ့စဉ်ကတည်းက ကလေးတွေအတွက် အချိန်စာရင်းဖြစ်ပါတယ်။ ဆရာမမေရီရဲ့ အိမ်မှာနေတဲ့ကလေးတွေက အပတ်စဉ် စနေ၊ တနင်္ဂနွေရက်တွေမှာ တရုတ်စာကိုလည်းသင်ကြရပါသေးတယ်။ ဒါကြောင့် ဒီဂေဟာမှာကြီးပြင်းခဲ့တဲ့ နန်းချမ်တောင်းတယောက် သူ့မိခင်ဘာသာစကားဖြစ်တဲ့ ရှမ်းစကားအပြင်၊ ထိုင်း၊ တရုတ်နဲ့ အင်္ဂလိပ်စကားတွေကို ပိုင်ပိုင်နိုင်နိုင် ရေးနိုင်ပြောနိုင်တာဖြစ်ပါတယ်။

ဒီလို တင်းကြပ်တဲ့စည်းကမ်းတွေအောက်မှာ နေခဲ့ကြရပေမယ့်လည်း ဆရာမမေရီကို ကလေးတိုင်းက ချစ်ကြောက်ရိုသေကြတယ်လို့ နန်းချမ်တောင်းက ပြောပြပါတယ်။



Photo : SHAN

“ဆရာမ မေရီဟာ အင်မတန်ခွန်အားရှိတဲ့ အမျိုးသမီးပါ။ စကားပြောရင်လည်း ပွင့်ပွင့်လင်းလင်းပြောတတ်ပါတယ်။အလုပ်လည်း သိပ်ကြိုးစားပါတယ်။ ဒါတင်မကဘူး၊ သူ့အိမ်က ကလေးတွေကိုသာမကဘူး တွေ့သမျှလူအားလုံးကို ကြင်နာတတ်တဲ့ သူတယောက်လည်းဖြစ်ပါတယ်။သူ့မှာရှိတဲ့ အသိပညာအတတ်ပညာတွေကိုလည်း သူတတ်နိုင်သမျှတခြားသူတွေကိုပေးနိုင်အောင်ကြိုးစားလေ့ရှိပါတယ်။”

ဆရာမမေရီဟာလည်း မိဘမဲ့ဘ၀နဲ့ကြီးပြင်းခဲ့ရသူတယောက်ဖြစ်ပါတယ်။ သူ့အသက် ၂ လ သားအရွယ်မှာ ကွန်ဗင့်ကျောင်းမှာရှိတဲ့ သီလရင်တွေကို သူ့ဆွေမျိုးတွေက ပေးပစ်ခဲ့တာပါ။ သူဟာ အဲဒီစစ္စတာတွေရဲ့သင်ကြားမှုအောက်မှာ ကြီးပြင်းခဲ့ရတာပါ။ အသက် ၂၃ နှစ်အရွယ်မှာတော့ မိသားစု ပြဿနာတခုကြောင့် သူဟာ ထိုင်းနယ်စပ်ကို ထွက်ခွာခဲ့ပါတယ်။

နယ်စပ်ကိုရောက်တဲ့ အချိန်မှာတော့ အဲဒီမှာရှိနေတဲ့ မိဘမဲ့ကလေးတွေကို တလှည့် ပြုစုစောင့်ရှောက်ရင်း ဒီမိဘမဲ့ ဂေဟာလေးကို တည်ထောင်ဖြစ်သွားတာဖြစ်ပါတယ်။ ဆရာမမေရီက သူ့တပည့်ဖြစ်တဲ့ နန်းချမ်တောင်းဟာလည်း ဘယ်တော့မှအရှုံးမပေးတတ်တဲ့ လုံ့လဝီရိယရှိသူလေးတယောက်ဖြစ်တယ်လို့ ပြောပြပါတယ်။

“သူက သိပ်စိတ်ကောင်းရှိတယ်။ သူဟာ အကောင်းဆုံးဖြစ်အောင်အမြဲကြိုးစားတယ်။ ဘာပဲဖြစ်ဖြစ် နေရာတိုင်းမှာ စိတ်ရှည်သည်းခံနိုင်တယ်။ ကျွန်မသူ့အတွက် သိပ်ဂုဏ်ယူပါတယ်။ ကလေးတွေကို စာသင်တဲ့အခါတိုင်းမှာ ချမ်တောင်းကိုနမူနာပေးပြီး အမြဲတမ်းပြောပြပါတယ်။ “မင်းတို့သူ့လိုဖြစ်အောင်လုပ်ကြရမယ်သူ့လိုကြိုးစားရမယ်။ ငါက စာသင်ပေးတဲ့သူဖြစ်တယ်။ မင်းတို့က ပညာရှာတဲ့သူတွေဖြစ်တယ်။ မင်းတို့ကြိုးစားဖို့လိုတယ်”လို့ သူတို့ကိုပြောပါတယ်။ ချမ်တောင်းက သိပ်ကောင်းတဲ့ကလေးပါ။ ဒါပေမဲ့ ကျွန်မကတော့ သိတဲ့အတိုင်းပဲ တင်းတင်းကြပ်ကြပ် ကြီးကြပ်ခဲ့တယ်။” ဆရာမမေရီက ရယ်မောရင်းပြောပြတယ်။

အသက် ၁၆ နှစ်အရွယ်ရောက်တဲ့ အချိန်မှာတော့ ချမ်တောင်းဟာ ဒုက္ခမျိုးစုံထဲက သူ့လူမျိုးတွေအတွက် အလုပ်တွေစလုပ်ပါတော့တယ်။ လူ့အခွင့်အရေးအဖွဲ့တွေနဲ့ စာစောင်တွေအတွက် ၁ နှစ်ကြာအောင်အလုပ်လုပ်ပေးပြီးတဲ့အချိန်မှာတော့ ချမ်တောင်းဟာ ဂျနီဗာမှာရှိတဲ့ ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မရှင်ရှေ့မှောက်မှာ နိုင်ငံတကာက ခေါင်းဆောင်တွေကို သူ့ရဲ့ ပြည်သူတွေခံစားနေရတဲ့ ဒုက္ခသုခတွေအကြောင်း ပြောပြခွင့်ရနေပါပြီ။

သူဟာ ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်ဖလှယ်ပူးပေါင်းဆောင်ရွက်ရေးအသင်းကိုလည်း တခြားရှမ်းအမျိုးသမီးအရေးလှုပ်ရှားသူတွေနဲ့ပူးပေါင်းတည်ထောင်ခဲ့သူဖြစ်ပါတယ်။ အဲဒီ အမျိုးသမီးအဖွဲ့မှာ လုပ်ကိုင်နေယင်းနဲ့ပဲချမ်တောင်းဟာမြန်မာပြည်ကအမျိုးသမီးလေးတွေ ထိုင်းနိုင်ငံက လိင်လုပ်ငန်းတွေမှာရောင်းစားခံနေရတာကို ကာကွယ်တဲ့လုပ်ငန်းတွေနဲ့ ရှမ်းပြည်က ကလေးတွေအတွက် ပညာရေးလုပ်ငန်းတွေထဲမှာ ပါ၀င်လုပ်ကိုင်ခဲ့ပါတယ်။ ချမ်တောင်းဟာ နိုင်ငံတကာစည်းရုံးလှုံ့ဆော်ရေးလုပ်ငန်းတွေကိုလည်း လုပ်ဆောင်ပါတယ်။ သူဟာ ရှမ်းအမျိုးသမီးအဖွဲ့ရဲ့လှုံ့ဆော်စည်းရုံးရေးအဖွဲ့၀င်တယောက်ဖြစ်ပါတယ်။

ရှမ်းပြည်ကနေ ထိုင်းနိုင်ငံထဲကို ရွှေ့ပြောင်း အလုပ်လုပ်ကိုင်ကြတဲ့လူငယ်လေးတွေအတွက် ကျောင်းတကျောင်းကိုတော့ နောက်ပိုင်းမှာ နန်းချမ်တောင်းဟာ ထူထောင်ခဲ့ပါတယ်။

“ရှမ်းဒုက္ခသည်တွေစုပေါင်းပြီး ရှမ်းပြည်က တိုင်းရင်းသားလူမျိုးစုလူငယ်တွေ အတွက်ကျောင်းတကျောင်းကို ၂၀၀၁ ခုနှစ်မှာ

စာမျက်နှာ 38 သို့

ဆောင်းပါး

# မင်းလွင် မှ အေးလွင်နှင့် (ငါး) မင်းဆွေ သို့

သို့– ကိုအေးလွင်နှင့် ကိုမင်းဆွေ

ယနေ့မြန်မာ့နိုင်ငံရေးလောကမှာ အစ်ကိုတို့ နာမည်ကြီးနေတာ ကျနော်တို့ရှမ်းတောင်တန်းအထိ ကြားနေရပါတယ်။ နိုင်ငံရေးဆိုင်းဝိုင်းသံကြီးကြားရင် မနေနိုင်ပဲ ဝင်လေ့လာတတ်တာဟာ ကျနော့်ရဲ့မွေးရာပါအခွင့်အရေးပါ။ ဦးသန့်စျာပနအရေးအခင်းတုန်းက ကိုမင်းဆွေ နဲ့ ၈၈ အရေးတော်ပုံ ကိုအေးလွင်တို့အခန်းကဏ္ဍကို ကျနော်လေ့လာပြီးပါပြီ။ ဒီနေရာမှာ အစ်ကိုတို့အနေနဲ့ကျနော့်ကို “မင်းလွင်ဆိုတာ *ဘယ်ချိုးကြားကထွက်လာတာလဲ*” လို့ မေးခွန်း ထုတ်လာမှာမို့ ကျနော့်ကိုယ်ကျနော် မိတ်ဆက်လိုက်ပါတယ်။

## ပုပ်နှစ်ပုပ် ရှမ်းပြည်သား ကျနော်

အဖေက ရှမ်းလူမျိုးပါ။ အမေက ရှမ်းပြည်ဇာတိ ဗမာပါ။ ကလေးအရွယ်လူမမယ်ကျနော်ဟာ ဖခင်ဆွေမျိုးရှိရာရှမ်းရွာကို ရောက်တော့အမျိုးတွေက**“ဗမာပုပ်”**လို့ ကင်ပွန်းတပ်ကြပြီး၊ မိခင်ဆွေမျိုးရှိရာမြေပြန့်ကိုသွားတော့ မိခင်ဆွေမျိုးတွေက**“ရှမ်းပုပ်”**လို့ သမုတ်ကြပြန်တယ်။ လူမျိုးကြီးဝါဒနဲ့ကျဉ်းမြောင်းတဲ့လူမျိုးရေးဒဏ်တွေကို ကံတရားက စီမံဖန်တီးပေးခဲ့လို့ ခံခဲ့ရတယ်ဆိုပါတော့။ ဒီတော့ လူမှန်းသိတတ်ကတည်းက လူမျိုးကြီးဝါဒကိုတိုက်ဖျက်သလို ကျဉ်းမြောင်းတဲ့လူမျိုးရေးအမြင်ကိုလည်း ဆန့်ကျင်ခဲ့ပါတယ်။

ဒီနေ့၊ဒီအချိန်၊ဒီကာလမှာ အဲ့ဒီလူမျိုးရေးအမြင်နှစ်ခုထက်ဆိုးတဲ့ စစ်အာဏာရှင်စနစ်ကိုတိုက်ဖျက်နေရတာကြောင့် အစ်ကိုတို့အယူအဆနဲ့ကျနော့်အယူအဆဟာ “*ပြဒါးတစ်လမ်း သံတစ်လမ်း*” ဖြစ်သွားပြီထင်တယ်။ “*လူအမျိုးမျိုး၊ စိတ်အထွေထွေ*” ဆိုတဲ့အတိုင်း မိမိအမြင်ကို လိုရာဆွဲပြောနေကြလို့ ကျနော်ကလည်း လက်တွေ့နဲ့ ဆီလျော်အပ်စပ်တဲ့အမြင်ကို ပြောရတော့မယ်။

## ယနေ့ မြန်မာပြည်ပြဿနာ

တစ်ခုသောအခမ်းအနားမှာ အန်တီစု (ဒေါ်အောင်ဆန်းစုကြည်)က SNLD ဥက္ကဋ္ဌ ခွန်ထွန်းဦးကို “*ဦးခွန်ထွန်းဦး ဗမာတွေအချင်းချင်းရန်ဖြစ်နေတယ်ဆိုပြီး လက်ပိုက်ကြည့်မနေပါနဲ့*” လို့ပြောတော့ ခွန်ထွန်းဦးဖြေလိုက်ပုံက “*ဗမာတွေသင့်မြတ်သွားတော့လည်း ကျနော်တို့တိုင်းရင်းသားတွေကို ထားခဲ့မှာဗျ*”တဲ့ အန်တီစုတစ်ယောက် ဘာမှပြန်မပြောနိုင်ဘဲ ရယ်မောနေလိုက်တော့တယ်။

ဒီနေ့ကာလမှာဒီလိုမေးခွန်းမျိုးကျနော့်ကို မည်သူမဆိုမေးလာခဲ့ရင် လက်ပိုက်ကြည့်မနေနိုင်တော့တဲ့အဖြေမျိုး ကျနော်ပြန်ဖြေမိမှာပါ။ ဘာ့ကြောင့်လဲဆိုတော့ ယနေ့မြန်မာပြည်နိုင်ငံရေးပြဿနာဟာ ဗိုလ်ချုပ်အောင်ဆန်းပြောသလို “*ဗမာ၊ ဗမာချင်းချနေကြတာ*” မဟုတ်တော့ဘူး။ ဗမာအပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ဒုက္ခသံသရာထဲလည်စင်းခံနေရတဲ့ ဘဝရောက်နေပြီမို့ တောင်တန်းသားကျနော်ဟာ မနေနိုင်တော့ပဲ တောင်ပေါ်ကဆင်းလာခဲ့တာပါ။ ချိုးကြားထဲကထွက်လာတာမဟုတ်ဘူးဆိုတာ ရှင်းသွားပါပြီနော်။

## ယနေ့ဗမာ့တပ်မတော်

တချိန်က တပ်မတော်ကိုကျနော်အားကျခဲ့တယ်။ သေနတ်ကိုင်ပြီးတိုင်းပြည်ကိုကာကွယ်ချင်စိတ်ရှိခဲ့တယ်။ ဒါပေမဲ့ ကျနော့်ရည်မှန်းချက်နဲ့လွဲချော်သွားခဲ့တာကတော့ -----

မှတ်မှတ်ရရ ၈လေးလုံးအရေးတော်ပုံကြီးကာလစက်တင်ဘာ ၁၇–၁၈ ရက်တွေမှာ လူထုသပိတ်ထဲ တပ်မတော်သားတွေပါဝင်လာဖို့ တောင်ကြီးမြို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် (ရပခ) မုခ်ဦးရှေ့မှာ ကြွေးကြော်တောင်းဆိုခဲ့ကြတယ်။

“*ပြည်သူ့စစ်သား––ဒို့စစ်သား*”

“*ပြည်သူ့ချစ်သား––ဒို့စစ်သား*”

ဆိုတဲ့ကြွေးကြော်သံတွေနဲ့ ကျနော့်အရွယ် ၁၃ နှစ်ဝန်းကျင်အလယ်တန်း ကျောင်းသားလေးတွေ ချီတက်တောင်းဆိုခဲ့ကြပါတယ်။ ဗိုလ်အောင်ကြီး ပြောသလို “*စစ်တပ်ကိုစိတ်နဲ့တောင်မပြစ်မှားသေးပါဘူး*”။ အဲဒီဆုလာဘ်ကြောင့်ပဲ နောက်ဆုံးနေ့ညမှာ ကျည်ဆန်မိုးရွာသွန်းလိုက်လို့ “*ခန္ဓာရိပ်ပျောက်–တောရိပ်ရောက်နဲ့*” ကျနော်တို့ မျိုးဆက်သစ်လူငယ်ကလေးတွေကွဲကွာသွားကြတယ်။ အထက်တန်း၊ ကောလိပ်၊ တက္ကသိုလ်ကျောင်းသား အဖြစ်အပျက်တွေကိုတော့ အစ်ကိုတို့ပိုနားလည်ကြမှာပါ။ ဒါဟာ စစ်တပ်နဲ့ပါတ်သက်တဲ့ ကျနော့်ရဲ့ ပထမဆုံး ကိုယ်တွေ့ပါ။



အဲ–ဒုတိယ အဖြစ်အပျက်ကတော့၊ တက္ကသိုလ်ကျောင်းသားအရွယ်ပါ။ ကျောင်းပိတ်ရက်မှာ အစ်မ (ပညာရေးဝန်ထမ်း တာဝန်ကျရာ) ရှမ်းကယားနယ်စပ်ကရွာလေးဆီအလည်သွားတဲ့အချိန်ကပေါ့။ ရွာထဲက တောကျွမ်းတဲ့အဖော်တွေနဲ့ အနီးအနားတောတောင်ထဲ

ဒေသန္တရ ဗဟုသုတခရီးထွက်ခဲ့တယ်။ မောက်မယ်မြို့နယ် ကဒူးကြီး တိုက်နယ်က တောထဲမှာကယားပြည်နယ်ကပြောင်းရွှေ့လာတဲ့ ရွာပုန်းတွေကိုတွေ့လိုက်တယ်။ ရွာပုန်းအကြောင်းကို နားမလည်တဲ့ ကျနော်ဟာ ကရင်နီရွာသားတွေကိုဗမာလို နှုတ်ဆက်မိလို့ အားလုံးလိုလို အလန့်တကြားထွက်ပြေးကုန်ကြတယ်။ ကျနော့်အဖော်က ကရင်နီဘာသာနဲ့ပြန်အော်ခေါ်တော့မှအားလုံးကြောက်စိတ်ပြေကုန်ကြတယ်။

အကျိုးအကြောင်းသေချာစုံစမ်းလိုက်တော့မှ ကျနော် ရင်ထုမနာခံစားခဲ့ရတယ်။ ကယားပြည်နယ် ရှားတောမြို့နယ်က သူတို့ရဲ့ မိခင်ရွာကြီးကို လွယ်ကော်အခြေစိုက် ၅၄ တပ်ရင်းနဲ့ ရှားတောအခြေစိုက်တပ်ရင်းတွေက မီးရှို့လိုက်တဲ့ပြဿနာပေ့ါ။ ဦးစွာရွာသူကြီးကိုခေါ် ထုတ်ပြီး သူပုန်နဲ့ဆက်သွယ်တယ်ဆိုပြီး လူအများရှေ့မှာ ခေါင်းဖြတ်သတ်လိုက်တယ်။ ခေါင်းဖြတ်မသတ်မီမှာ ဓါးကိုင်တဲ့ စစ်သားက *“ဗမာ့စစ်သားကွ”* လို့ကြွေးကြော်ရင်း ခုတ်ဖြတ်လိုက်တယ်။ အဲဒီနောက်မီးဒုတ်ကိုယ်စီကိုင်ဆောင်ပြီး *“ဗမာ့တပ်မတော်ကွ”ဆိုပြီး မီးတင်ရှို့ကြတယ်။ ဒါကြောင့် ရွာသားတွေဟာ ဗမာဆိုရင် “ရွံကြောက်ကြီး”* ဖြစ်သွားကြတယ်။

ကျနော်အဲဒီရွာပုန်းဆီကို ၂ ခေါက်ထပ်ရောက်တယ်။ သွားတဲ့အခါတိုင်း မြို့ပေါ်ကဆွေမျိုး၊ မိတ်သင်္ဂဟတွေဆီက အဝတ်အစားဟောင်းလေးတွေတောင်းပြီး ဆာလာအိတ်ကြီးထဲထဲ့ ကိုယ်တိုင်ထမ်းသွားတယ်။ ရွာရောက်တော့ အခမဲ့ဝေငှပေးလိုက်တယ်။ ဒီလိုနဲ့ ရွာသားတွေဟာ ကျနော်နဲ့ခင်မင်ရင်းနှီးလာပြီး “ဗမာထဲမှာလည်းဆိုးတဲ့လူရှိသလို ကောင်းတဲ့လူလည်းရှိတယ်”တဲ့။ ဒီစကားလေးဟာ ကျနော့်အတွက် မဟာပီတိဖြစ်ခဲ့ရတယ်။

အစ်ကိုတို့ရေ တိုင်းရင်းသားတွေနဲ့ဗမာတွေအကြား သွေးခွဲပေးခဲ့တဲ့ တပ်မတော်အကြောင်းသိရောပေ့ါ။ ဒီလိုအဖြစ်မျိုးနဲ့ကြုံတဲ့ တိုင်းရင်းသားတွေရဲ့ နာကျည်းမှု၊ မုန်းတီးမှု စိတ်ရောဂါတွေကို ကျနော်တို့တော်တော်ကုစားရမှာနော်။

## ယနေ့စီးပွားရေးပိတ်ဆို့မှုပြဿနာ

ဒီကိစ္စတည့်တည့်ပြောရရင် အမေရိကန်နိုင်ငံနဲ့ ဥရောပနိုင်ငံတွေကိုဆိုလိုတာပါ။ အစ်ကိုတို့က *“စီးပွားရေပိတ်ဆို့မှုကို ဆန့်ကျင်တယ်။ စီးပွားရေးပိတ်ဆို့မှု တရားခံဟာ ဒေါ်အောင်ဆန်းစုကြည်”* လို့သတ်မှတ်ကြတယ်။ စီးပွားရေးပိတ်ဆို့မှုကို ၂၀၀၃ ခုနှစ်က စတင်တာပါ။ အဲဒီရှေ့ကာလတွေမှာ နဝတ တို့ နအဖတို့ဟာ စီးပွားရေးကို နလံထူအောင်လုပ်ပေးနိုင်လို့လား၊ ပြန်လည်သတိချပ်စေလိုပါတယ်။

စီးပွားရေးပိတ်ဆို့မှုကိစ္စမှာ တိုင်းရင်းသားတွေဘက်က အမြင်သဘောထားက ဒီလိုရှိပါတယ်။ အနောက်နိုင်ငံတွေနဲ့ကုန်သွယ်မှုကရတဲ့ဒေါ်လာတွေကို ယနေ့စစ်အစိုးရက ဘယ်လိုကဏ္ဍတွေမှာသုံးစွဲနေတယ်ဆိုတာ သဘောပေါက်မှာပါ။ စစ်ယန္တယားတွေနဲ့ လက်နက်တွေဝယ်ယူသုံးစွဲနေလို့ တိုင်းရင်းသားဒေသတွေမှာယမ်းငွေ့ဝေနေဆဲပါ။ တိုင်းရင်းသားဒေသတွေအပေါ် ထိုးစစ်မဆင်ပဲ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းတွေမှာသုံးစွဲလိုက်ရင် စီးပွားရေးပိတ်ဆို့မှု ပွင့်သွားစေမဲ့အပြင် လူတိုင်း နတ်လူသာခု ခေါ်မိမှာအမှန်ပါ။

တပ်မတော်အစိုးရက တိုင်းပြည်စီးပွားရေးကို စစ်တပ်နည်းဗျူဟာနဲ့ကိုင်တွယ်လို့ကျဆင်းသွားတာ အစ်ကိုတို့လက်ခံသလား။ စီးပွားရေးကို စစ်ရေးအမြင်နဲ့သွားလုပ်ရင် ခွက်ခွက်လန်ရှုံးမှာပါ။ ဗိုလ်ခင်ညွန့်တို့ ထောက်လှမ်းရေးအဖွဲ့ကိုဖြုတ်လိုက်တာ ပြုတ်သွားတဲ့ ဗိုလ်ချုပ်ဝန်ကြီးတွေလာဘ်စားလို့ ဆိုတာတစ်ကမ္ဘာလုံးသိပါတယ်။ အတိုက်အခံကြောင့်ပြုတ်သွားတာမဟုတ်ဘူး။ညံ့ဖျင်းလို့လဲမဟုတ်ဘူး။ အချင်းချင်းခွက်စားလုကြလို့ နောက်ဆုံးနစ်နာတာက တိုင်းပြည် စီးပွားရေးကျဆင်းမှုဘဲ။

စစ်အရာရှိတစ်ဦးကိုင်တဲ့ ၉-မမ ပစ္စတို တစ်လက်တန်ဖိုးဟာ ကျနော်တို့တောင်တန်းဒေသမှာ မူလတန်းကျောင်းတစ်ဆောင်ဆောက်လို့ရတယ်။ ၆၀-မမ လက်နက်ကြီးနဲ့ကျည်ဆန် ၁၀လုံးတန်ဖိုးဆိုရင်တော့ ကျေးလက်ဆေးပေးခန်းထောင်လို့ရတယ်။ ခုတော့ ကျနော်တို့တောင်တန်းသားတွေမှာ ယူနီဆက်ကထောက်ပံ့တဲ့ ဆေးဝါးနဲ့ အသက်ဆက်နေရသလို ကိုယ်ထူကိုယ်ထကျောင်းလေးနဲ့ဘဲ မှုန်ဝါးဝါးအလင်းရောင်ရနေတယ်။ ဒီတော့စီးပွားရေးပိတ်ဆို့မှုမလုပ်တဲ့ နိုင်ငံတွေအဖို့ အဆိပ်ပင်ရေလောင်းရာမရောက်ပေဘူးလား။

## ယနေ့ညောင်နှစ်ပင်ညီလာခံနဲ့ ကျနော်တို့ အနာဂတ်

ဒီကိစ္စကိုသေချာစွာဆုံးဖြတ်ကြပါ။ အနာဂတ်တိုင်းပြည်ကံကြမ္မာတွေအတွက် “ခရာ”ကျလွန်းပါတယ်။ အစ်ကိုတို့က ညောင်နှစ်ပင်ညီလာခံကိုတက်ခွင့်ရဖို့ တောင်းဆိုသံကြားရတယ်။ တက်ပြီးအခြေခံမူတွေကိုဝင်ဖျက်မယ်ဆိုရင် မှော်ဘီညောင်နှစ်ပင်စခန်းအထိ ကျနော်ပုခုံးထမ်းပြီးလိုက်ပို့ပေးပါရစေ။ အဲ-ခန်းမမှာဗိုလ်သိန်းစိန်တို့ ပြောသမျှလက်ညှိုးထောင်ခေါင်းညိတ်မယ်ဆိုရင်တော့ ထိပ်တိုက်ရင်ဆိုင်ရမှာပေ့ါ။

စစ်ဗိုလ်တစ်မတ်သား ပါလီမန်၊ ကာကွယ်ရေးဦးစီးချုပ်သည် ဒု-သမတ၊ တပ်မတော်သည်နိုင်ငံတော်အာဏာကိုအချိန်မရွေးသိမ်းယူနိုင်ခွင့်စတဲ့-စတဲ့ ပြဋ္ဌာန်းချက်တွေဟာ အနှစ် ၄၀ ကြာစစ်အစိုးရမှ အနှစ် ၄၀၀ ကြာ စစ်အစိုးရဆီ ဦးတည်နေတယ်မဟုတ်လား။ တစ်ပါတီစစ်အာဏာရှင်ကိုတိုက်ဖျက်ခဲ့တဲ့အစ်ကိုတို့ဟာ အခုအချိန်မှာ မဟာ



စာမျက်နှာ 33 သို့

# ယနေ့အမျိုးသားပြန်လည်သင့်မြတ်ရေး

ဒီစကားကို နအဖ မီဒီယာက တစ်နေ့ ၉ ကြိမ်ထုတ်လွှင့်နေပါတယ်။ လက်တွေ့နဲ့ဆီလျော်တယ်၊ မဆီလျော်ဘူးဆိုတာ ဝေဖန်ပိုင်းခြားကြပါ။ ၂၀၀၂ မှာ သမိုင်းစာမျက်နှာသစ်ဖွင့်ပါပြီဆိုပြီး ကြွေးကြော်ခဲ့တယ်။ နောက်တစ်နှစ်မှာတော့ သမိုင်းစာမျက်နှာကြီး ပြန်ပိတ်သွားတယ်။ **"ဒီပဲယင်းပြဿနာ"** ကြောင့်ဆိုနိုင်ပါသည်။ ဒီနေရာမှာ NLD ဘက်က ကျနော်ရှေ့နေလိုက်ပေးတာတော့မဟုတ်ဘူး။ ဘာလို့ လဲဆိုတော့ NLD က ကျနော့်ပါတီမဟုတ်တဲ့အပြင် ဘာမှမပတ်သက်ပါဘူး။ ဒါပေမဲ့မတရားခံလိုက်ရတာကို လက်ပိုက်ကြည့်မနေနိုင်ဘူး။ကျနော်တို့နယ်စပ်ဒေသမှာတင်မကတော့ဘူး၊ ဥပဒေကြီးစိုးပါတယ်ဆိုတဲ့ အဖြူရောင်နယ်မြေ မြေပြန့်မှာတောင် ဥပဒေမဲ့အကြမ်းဖက်တိုက်ခိုက်တာတွေမြန်မာ့သမိုင်းမှာအမျိုးသားပြန်လည်သင့်မြတ်ရေးအတွက်အမည်းစက်ထင်နေပါတယ်။ ဒီဖြစ်စဉ်မှာ ရွှေဘိုမြို့က တပ်တွေပါတယ်ဆိုလို့ ကျနော့်အိမ်မှာစားသောက်နေထိုင်သွားဖူးတဲ့ရွှေဘိုမြို့ကဗိုလ်ကြီးထံ သွားလည်ပတ်ရင်း အကြောင်း စုံသိခဲ့ရတယ်။ မီဒီယာကနေကြားရလို့ ကျနော်ပြောနေတာမဟုတ်ဘူး။ ကာယကံရှင်ဗိုလ်ကြီး ဆီကကြားခဲ့ရလို့ပါ။ တစ်နေ့မှာဒီအကြောင်းအသေးစိတ်ဖော်ပြပါ့မယ်။ ဒီဗိုလ်ကြီးလည်းအခုဆို ဗိုလ်မှူးဘဝကနေပြုတ်သွားပါပြီ။ ဒီတော့ ဒီပဲယင်းပြဿနာမှာ NLD ကိုဘေးဖယ်ပြီး သေခဲ့ကြတဲ့ပြည်သူတွေဘက်ကနေ ခံစားကြည့်ပေးပါ။ တရားခံကိုလက်ညိုးမထိုးရဲသည့်တိုင် စိတ်ထဲမှာ ကောက်ချက်ချကြည့်လိုက်ပါ။ တောင်ပေါ်သားကျနော်တောင် မြေပြန့်သား ဒီပဲယင်း စတေးခံရသူတွေအတွက် ကြေကွဲခံစားခဲ့ရပါတယ်။ မြေပြန့်သားအနေနဲ့ ပိုပြီးမခံစားသင့်ပေဘူးလား။



ဒီပဲယင်းပြဿနာတင်မဟုတ်ပါဘူး။ အခြားထောက်ပြစရာလည်းရှိပါတယ်။ တောင်ကြီးမြို့ရှမ်းမျိုးဆက်သစ်အဖွဲ့က အိမ်ရှင်အဖြစ်ကျင်းပခဲ့တဲ့ ၂၀၀၅ ဖေဖော်ဝါရီ ၇ ရက်နေ့ အမိရှမ်းပြည်မွေးနေ့ပွဲပါ။ ရန်ကုန်ဆင်းဖိတ်ကြားတဲ့အခါ ထောင်ကထွက်ခါစဘဲရှိသေးတဲ့ ဦးသုဝေဟာ ဒီပွဲကိုတက်ရောက်ဖို့ စိတ်ဓါတ်တက်ကြွနေတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၆၀ က ရှမ်းပြည်သားတွေစည်းလုံးညီညွတ်ခဲ့လို့ ပင်လုံညီလာခံအတွက်ရာသီဥတုကောင်းဖန်တီးပေးခဲ့တယ်။ ရှမ်းပြည်အမျိုးသားနေ့နဲ့ပြည်ထောင်စုနေ့ဟာ ခွဲခြားလို့မရဘူး။ ခုလည်း ရှမ်းပြည်တိုင်းရင်းသားတွေစုံစုံလင်လင်တက်ရောက်မဲ့ပွဲဖြစ်မှာမို့ ဦးသုဝေဟာတက်ရောက်ဖို့ဆန္ဒပြင်းပြခဲ့တယ်။ ဒုတိယကတော့ ဒေါ်ချိုချိုကျော်မြင့်မြိမ်းဖြစ်ပါတယ်။ ဖဆပလ ခေတ်က တည်မြဲနဲ့သန့်ရှင်းတို့အပြိုင်စည်းရုံးကြချိန်မှာ တည်မြဲဘက်က ဦးဘဆွေနဲ့ဦးကျော်ငြိမ်းတို့ဟာ ရှမ်းပြည်တစ်ခွင်ပြုပြုစင်အောင်စည်းရုံးခဲ့ကြတယ်။ ဒီလိုနဲ့ရှမ်းပြည်နိုင်ငံရေးအင်အားစုတွေနဲ့ ခင်မင်ရင်းနှီးခဲ့ရတယ်။ ဒါကြောင့် *"ဖေဖေရဲ့ သူငယ်ချင်းတွေ သက်ရှိထင်ရှားရှိသေးတယ်။ အဲဒီပွဲမှာတွေ့ရမှာ"*ဆိုပြီး ဖခင်ဦးကျော်ငြိမ်းရဲ့အငွေ့အသက်ကို အလွမ်းပြေချင်တဲ့ ဒေါ်ချိုချိုကျော်ငြိမ်း လည်းတက်ရောက်ခဲ့တယ်။ **"တစ်နွယ်ငင် တစ်စင်ပါ"** ဆိုသလို ဒေါ်ချိုချိုကျော်ငြိမ်းသမီး မဥမ္မာနဲ့ခြံထဲမှာနေထိုင်ခွင့်ပြုထားတဲ့ ကိုအေးလွင်တို့ပါချိတက်လာကြပါတယ်။ဒါကိုစောဒကမတက်လိုပါဘူး။ ဒါပေမဲ့ ဗွီဒီယိုမှတ်တမ်းတင်ဖို့ တောင်ဥက္ကလာပ ၁၃ ရပ်ကွက်၊ ကောလိယ ၂ လမ်း၊ အိမ်အမှတ် ၆၄၇ မှာနေထိုင်တဲ့ကိုဇင်အောင်တို့အဖွဲ့က ကိုအေးလွင်နဲ့ပါလာတော့သိပ်မရှင်းဘူး။ အခမ်းအနားလည်း အောင်မြင်စွာပြီးဆုံးသွားခဲ့တယ်။ ဗွီဒီယို မှတ်တမ်းလည်းတင်ကြတယ်။ နောက် ၂ ရက်ဖေဖော်ဝါရီ ၉ ရက်မှာအားလုံးကို အာဏာပိုင်တွေဖမ်းတော့တာဘဲ။ ကိုအေးလွင်လည်း ရန်ကုန် SB ဌာနချုပ်မှာ မတ်လ ၇ ရက်နေ့အထိထိန်းသိမ်းခံရတယ်။ အာဏာပိုင်တွေက အဲဒီအခမ်းအနားဟာ ပြည်ထောင်စုမှခွဲထွက်ဖို့ကြိုးစားကြတယ်။ ညီလာခံကို အကြည်အညိုပျက်အောင်လုပ်တယ် စတဲ့စွဲချက်တွေနဲ့ရှမ်းခေါင်းဆောင်တွေ၊ ရှမ်းမျိုးဆက်သစ်အဖွဲ့ဝင်တွေ အားလုံး ၈ ဦးကို စုစုပေါင်း ထောင်ဒဏ် ၆၇၉ နှစ်ချမှတ်ခဲ့တယ်။ ဒီလိုပြစ်ဒဏ်စီရင်ချက်မျိုး မြန်မာ့သမိုင်းမှာကြားဖူးသလား? သူတို့စွပ်စွဲတဲ့အတိုင်း ကိုအေးလွင်တို့အခမ်းအနားမှာကြားခဲ့ရပါသလား?ကိုဇင်အောင်ရဲ့ဗွီဒီယိုမှတ်တမ်းကိုပြန်ကြည့်လိုက်ပါ။ ကိုအေးလွင်ထိန်းသိမ်းခံနေစဉ်က *"ရှမ်းပြည်မျိုးဆက်သစ်ခေါင်းဆောင် ကိုမြင့်သန်းလို သေနင်္ဂဗျူဟာမြောက်တဲ့လူကို ဒီကောင်(နအဖ)တွေဖမ်းသွားတာ အင်မတန် မိုက်သွားပြီ"* လို့ရင်တွင်းဒေါသသံလေးနဲ့ညည်းငြူခဲ့ပါတယ်။ အဲဒီစကားလေးကြားရတော့ ကိုအေးလွင်ကိုအရမ်းကျေးဇူးတင်သွားပါတယ်။ တရားခံပြသက်သေ ထွက်ပေးဖို့ ကိုအေးလွင်၊ အန်တီချိုနဲ့ ဦးသုဝေတို့ကို ကိုမြင့်သန်း အကူအညီတောင်းခဲ့ပါတယ်။ ထွက်ဆိုပေးခဲ့ရမှာက *"ပြီးခဲ့တဲ့ အခမ်းအနားမှာ ရှမ်းခေါင်းဆောင်တွေ ပြည်ထောင်စုကနေ ခွဲထွက်တဲ့ စကား*

*မျိုး၊ နိုင်ငံတော်ကိုအကြည်အညိုပျက်စေမဲ့ စကားအသုံးအနှုန်း မျိုးပြောခဲ့ပါသလား*”လို့ တရားရုံးက မေးခဲ့ရင် သူတို့ ၃ ယောက် ဖြေရမှာက **“မပြောခဲ့ပါဘူး”** ဆိုတဲ့ ၅ လုံးတည်းသောစကားကို ထွက်ဆိုပေးလိုက်ရုံပါဘဲ။ ဒါပေမဲ့ တစ်ယောက်မှမထွက်ဆိုခဲ့ပါဘူး။ သူတို့ ၃ ယောက်ကို အင်းစိန်တရားရုံးကလည်း တရားဝင်စာအမှတ်နဲ့ ဆင့်ဆိုခဲ့ပါတယ်။ မိတ်ဆွေကောင်းပီသရင် သက်သေထွက်ဆိုပေးရမှာပေါ့။ ခုတော့ စာထုတ်ခေါ်တာတောင် မလာကြတော့ အရမ်းစိတ်မကောင်းဖြစ်ရပါတယ်။ သေနင်္ဂဗျူဟာမြောက်တဲ့ကိုမြင့်သန်းလဲဘဲနှိပ်စက်ခံရတဲ့ ဒဏ်တွေကြောင့် သံတွဲထောင်မှာ မရှုမလှသေဆုံးသွားခဲ့ရပါပြီ။ “*ဖက်ဒရယ်အကျဉ်းသားတို့သည် အိမ်ပြန်ရိုးထုံးစံမရှိ*” ဆိုတာ ကျနော်တွက်ဆထားပါတယ်။ ရှမ်းပြည်အတိုင်ပင်ခံကောင်စီ ကိစ္စနဲ့ပတ်သက်လို့ ကျနော်အသေးစိတ်ရှင်းပြပါ့မယ်။ အရေးကြီးတဲ့အကြောင်း ကိစ္စမို့ ဖြစ်ပါတယ်။

ရှမ်းပြည်အတိုင်ပင်ခံကောင်စီဆိုတာ အာဏာပိုင်အစိုးရကို စင်ပြိုင်ဖို့ဖွဲ့ထားတာမဟုတ်ပါဘူး။ တိုင်းရင်းသားအချင်းချင်းရဲ့ ပြဿနာတွေကို ဆေးမြီးတိုနဲ့ကုစားချင်လို့ပါ။ အဲဒီပြဿနာတွေကို စတင်မီးမွှေးပေးတဲ့ တရားခံက စစ်အာဏာပိုင်တွေပါ။ လက်တွေ့ ထောက်ပြပါ့မယ်။ ရှမ်းပြည်အတွင်းမှာ လူမျိုးပေါင်းစုံလင်တယ်။ နယ်မြေလည်းကျယ်ဝန်းတယ်။ ဒါကိုအခွင့်ကောင်းယူပြီး နအဖ စစ်ထောက်လှမ်းရေးတွေက ရန်တိုက်ပေးထားတယ်။ နအဖ ဟာ ရှမ်းသူပုန်တွေကိုတိုက်ရင် “ဝ”နဲ့“ပအိုဝ်း”ကိုခေါ်ပြီးသွားတိုက်တယ်။ ရှမ်းတောင်နယ်မြေဒေသမှာ ရှမ်းမြောက်က “ဝ” တွေ ခေါ်လာပြီး နေရာချပေးတယ်။လယ်ယာမြေပြဿနာဖြစ်အောင်ဖန်တီးပေးတယ်။ ဒ့ါအပြင် ရှမ်းတွေကိုလည်း “*ပအိုဝ်း ဆိုတာ မွန်ပြည်နယ်က လူတွေပါ။ ရှမ်းပြည်ရောက်ယာယီဧည့်သည်တွေဖြစ်တယ်*”ဆိုပြီးသွေးခွဲပြန်တယ်။ ဒီအရင်းခံပြဿနာတွေကိုကုစားဖို့ အတိုင်ပင်ခံကောင်စီဖွဲ့တာပါ။ ဒီလိုအတိုင်ပင်ခံကောင်စီဖွဲ့လို့ ဖမ်းဆီးထောင်ချတယ် ဆိုတော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုဖြိုခွဲရာရောက်ပါတယ်။ အတိုင်ပင်ခံကောင်စီဖွဲ့လို့ဖမ်းမယ်ဆိုရင် ကချင်ကိုလည်းဖမ်းရမှာဘဲ။ ခုတော့ ကချင်ကိုလွှတ်ပေးပြီး ရှမ်းကိုနှိပ်ကွပ်တာ တိုင်းရင်းသားအချင်းချင်း ရန်တိုက်ပေးတာလား?မျက်နှာလိုက်တာလား?မေးစရာဖြစ်လာတယ်။ ဒါဆိုသေချာသွားပါပြီ။ အင်္ဂလိပ်ကိုလိုနီ အစိုးရရဲ့အမွေ **Divide and Rule** ကို လက်ခံကျင့်သုံးနေတာပါ။ တိုင်းရင်းသားကို မကပါဘူး။ အခုဆို ဗမာအချင်းချင်းကိုတောင် ရန်တိုက်ပေးနေပါပြီ။ **NLD** ထဲမှာ တောင်ဝံသာနု **NLD** ၊ကျောင်းသားအလွှာစုချင်းတူပါလျက် မင်းကိုနိုင်တို့အုပ်စုနဲ့ အေးလွင်အုပ်စုကို ရန်တိုက်ပေးနေပါပြီ။ တစ်ဖက်ကိုဖိနှိပ်ပြီး တစ်ဖက်ကိုမြှောက်ပင့်ပေးနေတာ မကြားချင်အဆုံးပါပဲ။ ဒီလိုလုပ်ရပ်တွေကိုဖန်တီးနေတဲ့ နအဖ ကဘာလို့များ “*အမျိုးသားပြန်လည် သင့်မြတ်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး*” ဆိုပြီး ဒင်းတို့မီဒီယာကနေ တစ်နေ့ ၉ ခေါက်ဟန်ပြကြွေးကြော်နေရတာလဲ?။

**စိုင်းမင်းလွင် (သျှမ်းပြည်)**

စာမျက်နှာ 31 မှ

စစ်အာဏာရှင်ကိုရော မတိုက်ဖျက်တော့ဘူးလား။ စစ်တပ် ဇာတ်ညွှန်း၊ စစ်တပ်ဇာတ်ကောင်၊ စစ်တပ်ပရိသတ် တွေနဲ့ ပြင်ဆင်ထားတဲ့ အတွက် **Solid** ဖြစ်နေပါပြီ။ အခြေခံဥပဒေကို ပြင်မယ်ဆိုရင်လည်း သုံးပုံနှစ်ပုံ **66.67 %** ရာခိုင်နှုန်း ထောက်ခံမှ ဆိုတော့ ဘယ်လိုပြင်ပြင် မရနိုင်တော့ဘူး။ မကြိုက်လို့ဝေဖန်မိရင်တောင် ညီလာခံကိုကာကွယ်တဲ့ **5/96** ဥပဒေနဲ့ကိုင်တော့တာဘဲ။ အဲဒီပုဒ်မက ကြမ်းခင်းဈေး ၂၅ နှစ်ရှိတယ်မဟုတ်လား။

ဒါကိုသိတဲ့ **NLD** နဲ့တိုင်းရင်းသားပါတီတွေက ကျောခိုင်းထွက်ခွာသွားပြီမို့ ပြည်သူ့ဆန္ဒနဲ့ညောင်နှစ်ပင်ဟာ ဗီလာဆန့်ကျင်သွားပါပြီ။ ဒီနေရာမှာ အစ်ကိုတို့ကကျနော့်ကို “*တိုင်းရင်းသားခေါင်းဆောင်တွေ ဘာလို့လာတက်လဲ*”လို့မေးခွန်းထုတ်စရာရှိပါတယ်။ တိုင်းရင်းသားပြည်သူလူထုတင်မြှောက်လိုက်တဲ့ တိုင်းရင်းသား ခေါင်းဆောင်ဆိုတာ ညောင်နှစ်ပင်မှာမရှိပါဘူး။ တိုင်းရင်းသားခေါင်းဆောင်တွေက **UNLD** နဲ့ **UNA** ထဲမှာပါ။ ညောင်နှစ်ပင်မှာ ကျန်နေတာက ဘုံဗိမ္ဗာန်ပျောက်နေတဲ့ အစုအဖွဲ့အမှတ် ၈ “ အခြား ဖိတ်ကြားသင့်သောပုဂ္ဂိုလ်များ”မှာပါဝင်တဲ့ အပစ်ရပ်ငြိမ်းအဖွဲ့ (အရပ်အခေါ် သူပုန်အဖွဲ့)တွေပါ။ သူတို့တတွေ ဘုံဗိမ္ဗာန်စိုက်ပျိုးနေလို့ ညောင်နှစ်ပင်မှာခိုနေတာပါ။ အဓိပ္ပါယ်မရှင်းဖြစ်မသွားပါနဲ့။ သူတို့ငြိမ်းချမ်းရေး လုပ်ပြီးတာနဲ့ နအဖကသစ်ထုတ်ခွင့်ပေးလိုက်တော့ ဘိုးစဉ်ဘောင်ဆက် ထိန်းသိမ်းလာတဲ့သစ်တောတွေတက်တက်စင်အောင်ပြောင်သွားတယ်။ “*ငါတို့ဘုံဗိမ္ဗာန်တွေ မရှိတော့ပါလား*”လို့ သူတို့သိရှိနောင်တရတဲ့ အချိန်မှာ သစ်တောတွေသစ်ငုတ်ဘဝရောက်သွားပါပြီ။ နအဖ ကိုပြန်တိုက်မယ်ဆိုရင် ပုန်းစရာ ဘုံဗိမ္ဗာန်မရှိတော့ဘူး။ ဘုံဗိမ္ဗာန်ဆောက်ဖို့ ဆိုတာနှစ်ပေါင်း ၅၀ လောက်စောင့်ရတယ်မဟုတ်လား။ ဒါကြောင့် အနှစ် ၅၀ အတွင်းညောင်နှစ်ပင်ဘုံဗိမ္ဗာန်မှာ ငြိမ်းအဖွဲ့တွေ ခိုလှုံဦးမှာပါ။

ဒါကြောင့် ညောင်နှစ်ပင်မှာ စစ်တပ်နဲ့ ပုလင်းတူဖူးဆို့တွေသာ တက်ရောက်ကြတာပါ။ ပြည်သူ့ဆန္ဒလုံးဝမပါပါဘူး။ အဲ–မွန်ပြည်သစ်ပါတီကတော့ နိုင်ငံရေးသတိရှိလို့ သမိုင်းတရားခံဘဝက လွတ်မြောက်သွားတယ်။ ချီးကျူးစရာပါ။

အနာဂတ်မြန်မာနိုင်ငံကို ချောက်ထဲကျအောင်တွန်းပို့တဲ့ ညောင်နှစ်ပင်ကို အစ်ကိုတို့သွားမယ်ဆိုရင် ကျနော်အမှာတော်ပါးလိုက်ချင်တယ်။

**“တက်ကြပါ၊ ဖျက်ကြပါ”**

## လွတ်လပ်ရေးထက် အဖိုးတန်တာ ဘာမှမရှိ

“တစ်နိုင်ငံက အခြားနိုင်ငံ တစ်နိုင်ငံကို၊ လူမျိုးတစ်မျိုးက အခြားလူမျိုးတစ်မျိုးကို စေတနာနဲ့ကူညီတယ်ဆိုတာ ဘယ်တော့မှ မရှိပါဘူး။ ကူညီတယ်ဆိုတာက သူတို့အကျိုးစီးပွါးအတွက်တစ်ခုခု လိုချင်လို့သာဖြစ်တယ်ဆိုတာ သဘောပေါက်ထားသင့်တယ်။ လောကမှာ လွတ်လပ်ရေးထက်ပိုပြီးအဖိုးတန်တဲ့အရာ ဘာမှမရှိပါဘူး ...”

**ဇာမဏီ**

# ထူးခြားသော ဆန္ဒပြမှု နှစ်ခု




မကြာခင်က သံရုံးရှေ့မှာဆန္ဒပြတယ်ဆိုလို့ အမေရိကန် သံရုံးနားကျနော်ရောက်ခဲ့တယ်။ ရန်ကုန်တိုင်း အဲဒီနေရာမှာရှိတဲ့ ဆိုင်းထမ်းနဲ့ရောင်းတဲ့ အိုးဒိန်ချဉ်ကိုသွားစားတတ်တယ်။ ဆိုင်ကြီးတွေမှာ တစ်ခွက် ၈၀၀ ပေါက်တဲ့အချိန်မှာ အဲဒီအိုးဒိန်ချဉ်က တစ်ခွက် ၂၀၀ ပဲပေးရတယ်။ ဖေဖော်ဝါရီ ၁ ရက်နေ့လည်ခင်းအဖြစ်အပျက်ပေါ့။ ဒိန်ချဉ်စားနေတုန်း လူအုပ်ကြီးရောက်လာပြီး နေရာတဝိုက်ဖြန့်လိုက်တယ်။သူတို့ခါးကြားမှာထိုးထားတဲ့နံပါတ်ဒုတ်လုံးတွေလဲပေါ်နေတယ်။ တမင်သက်သက်ဒုတ်တွေရှိမှန်းဖော်ပြထားတာပါ။ ဆက်စပ်စဉ်းစားလိုက်မိတော့ ဆန္ဒပြတဲ့လူတွေကို နှိမ်နင်းတော့မယ်ဆိုပြီး ဈေးသည်တွေအထိတ်တလန့်ဖြစ်နေကြတယ်။ဈေးသည်ဆိုလို့ပလက်ဖောင်းပေါ်က ရခိုင်မုန့်တီဆိုင်၊ ပန်းသီးဆိုင်၊ ဆိုင်းထမ်းဒိန်ချဉ်သည်နဲ့ မုန့်ဟင်းခါးသည်တွေပါ။ အမေရိကန်သံရုံးနဲ့အိန္ဒိယသံရုံးကြားမှာလည်းလမ်းဘေး လက်နှိပ်စက်ခုံတွေနဲ့ စာချုပ်ရောင်းတဲ့ဆိုင်တွေ အစီအရီရှိပါတယ်။ သူတို့နဲ့အတူကျနော်ထိတ်လန့်နေပါတယ်။ အဲ–နာရီဝက်အကြာမှာ ဆန္ဒပြသူတွေ အမေရိကန်သံရုံးရှေ့ရောက်လာပါတယ်။ မော်တော်ယာဉ်ထိန်းတွေက လမ်းရှင်းပေးတယ်။ သတင်းသမားတွေက ပန်းခြံထဲမှာ ရဲအစောင့်အကြပ်နဲ့နေရာယူထားတယ်။ဒုတ်ကိုင်ထားတဲ့လူအုပ်ကြီးကဘာမှမလုပ်တဲ့အပြင်ပတ်ဝန်းကျင်ကိုအကဲခတ်နေတယ်။ ရှင်းသွားပါပြီ။ ဆန္ဒပြသူတွေကိုလုံခြုံရေးယူပေးတာပါ။ ဆန္ဒပြသူတွေဗြိတိသျှသံရုံးဘက်ထွက်သွားမှ အသင့်ရောက်လာတဲ့ကားပေါ်တက်ပြီး ဒုတ်ကိုင်လူအုပ်ဟာ ဗြိတိသျှသံရုံးဘက်ထွက်ခွာသွားပါတယ်။ ဒီတော့မှ ကျနော့်ဘေးနားကဈေးသည်တွေဟာ ထွက်ခွာသွားတဲ့ ဒုတ်ကိုင်တပ်ဖွဲ့ကားကို ကလော်တုတ်ဆဲရေးတိုင်းထွာကြတယ်။ ဒီဆန္ဒပြမှုဟာ အာဏာပိုင်တွေရဲ့ စီမံအကွက်ဆင်ထားမှုဆိုတာ မုန့်ဟင်းခါးပန်းကန်ထဲကငှက်ပျောအူဖတ်တွေလို အကွင်းလိုက် ။။ အကွင်းလိုက် ။။ ပေါ်နေတာထင်ရှားပါတယ်။

ရန်ကုန်မြို့မှာ ထမင်းပေါင်းတစ်ပွဲ ၃၀၀ ကျပ်နဲ့ရောင်းတဲ့ဆိုင်တစ်ဆိုင်ရှိပါတယ်။ ချွေတာသုံးစွဲတတ်တဲ့ ကျနော်ဟာ လသာမြို့နယ် ၁၉ လမ်းထဲက “ဖူစိုး” ထမင်းပေါင်းဆိုင်ကိုရောက်ခဲ့တယ်။ မှတ်မှတ်ရရ ဖေဖော်ဝါရီလ ၂၂ ရက်နေ့ကပါ။ ထမင်းပေါင်းစားပြီး ဗန္ဓုလလမ်းထွက်ကာ အမှတ် ၃၃ ဘတ်စ်ကားနဲ့ပြန်ခဲ့တယ်။ တရုတ်နှစ်သစ်ကူးပွဲမို့ လမ်းဟာစည်ကားနေပြီး ကားတွေပိတ်ဆို့နေတယ်။ စိတ်မရှည်တော့တဲ့ကျနော်ဟာ ဗန္ဓုလလမ်းအတိုင်းလျှောက်ရင်း စားစရာတွေဝယ်ခဲ့တယ်။ ဝက်အူချောင်းနဲ့ တရုတ်မုန့်တွေပေါ့။ သိမ်ကြီးဈေးနားရောက်လာတော့ လူတွေလှုပ်လှုပ်ရှားရှားဖြစ်နေကြတယ်။ စာတမ်းတွေကိုင်ဆောင်ထားတာမတွေ့ရသေးတော့ လုပ်ကြံဆန္ဒပြမှုလို့ယူဆမိတယ်။

## ထိုင်းရုပ်ရှင်ကြောင့် မြန်မာနိုင်ငံဈေးဟောင်းပစ္စည်းခိုးထုတ်မှု နအဖ မှပြင်းထန်စွာနှိမ်နင်း



ထိုင်းနိုင်ငံကျက္ကရီမင်းဆက် ၉ ဆက်မြောက် ဖရာဘူမိဖွန်းအဒူလယဒက်ဘုရင်၏ နန်းသက်နှစ်ဖ၀ပြည့်အားဂုဏ်ပြုသောအားဖြင့် ၁၈၊ ၁၊ ၂၀၀၇ မှစ၍ ဖရနရေးဆွန်မဟာရာဇာ အမည်ရှိ ဖြနရာဇ်မင်း၏ ရာဇဝင်ရုပ်ရှင်ဇာတ်ကားကို ထိုင်းနိုင်ငံတ၀ှမ်း၌ပြသရာ ဖြနရာဇ်မင်းခေတ်က ရှေးဟောင်းပစ္စည်းများကို ထိုင်းမျိုးချစ်ပုဂ္ဂိုလ်များ လိုက်လံရှာဝယ်လျက်ရှိသဖြင့် မြန်မာနိုင်ငံမှ ရှေးဟောင်းပစ္စည်းခိုးထုတ်သူများပိုများလာပြီး နအဖ မှပြင်းပြင်းထန်ထန် နှိမ်နင်းအရေးယူလျက်ရှိကြောင်း နယ်စပ်သတင်းကဆိုပါသည်။

နီးကပ်လာမှ သူတို့ကြွေးကြော်သံကြားရတယ်။ သဲကွဲစွာကြားလိုက်ရတာက… *“ကုန်ဈေးနှုန်းကျဆင်းရေး”*

*“၂၄ နာရီ မီးလင်းရေး”*

*“အခမဲ့ဆေးကုသခွင့်ပေးရေး”*……… စတဲ့ စတဲ့ ကြွေးကြော်သံတွေကြောင့် ကြားရသူအပေါင်းကြက်သီးထသွားစေတယ်။ မျက်ရည်ယိုရွှဲနေတဲ့ မိန်းမကြီးတစ်ယောက် ပိုစတာကိုကိုင်ဆောင်ပြီးဆန္ဒပြကွင်းထဲဝင်သွားတယ်။ သူ့ပါးမှာသနပ်ခါးလိမ်းထားလို့ ငိုထားတာသိသာထင်ရှားပါတယ်။ ရှန်ဟိုင်းကုန်တိုက်ပေါ်ကအမျိုးသမီးသတင်းထောက်တစ်ယောက်ပြေးဆင်းလာပြီး အင်တာဗျူးလုပ်တယ်။ လူတွေလည်းပိုမိုစည်ကားသွားတယ်။ ဒီလိုကြွေးကြော်သံမျိုး ၁၆ နှစ်ကျော် နှုတ်ဆိတ်ရေငုံခဲ့ရတဲ့ကျနော်ဟာ တာဝန်ကျေပွန်စွာနဲ့ ပြည်သူနဲ့တစ်ထပ်တည်းကြွေးကြော်လိုက်တယ်။ နှုတ်ကလည်း *“ဒို့အရေး– ဒို့အရေး”* လို့ နှစ်ကြိမ်တိုင်ထွက်သွားတယ်။

ကျနော့်ကြွေးကြော်သံဟာ လူထုနဲ့ ထပ်တူမဟုတ်တဲ့အတွက် *“ပြည်သူ့အရေး … ပြည်သူ့အရေး”* လို့ ပြန်အော်လိုက်မိတယ်။ ဒီကြွေးကြော်သံဟာ **NLD** ၊ **CRPP** နဲ့ **SPDC** တို့အတွက်မဟုတ်ပါဘူး။ ကျနော်တို့တောင်တန်းသားများအတွက်ဖြစ်ပါတယ်။ ဒီဆန္ဒပြပွဲမှာကျနော့်အဖို့ဆုံးရှုံးမှုကလေးဖြစ်ခဲ့တယ်။ တရုတ်တန်းဈေးက ဝယ်လာတဲ့ ဝက်အူချောင်းထုပ်နဲ့ တရုတ်မုန့်၊မရွှေးထုပ်ဘယ်မှာကျကျန်ခဲ့မှန်းမသိဘူး။ ဒါပေမဲ့ ကျနော်ဂုဏ်ယူပါတယ်။ ကျနော်တာဝန်ကျေခဲ့လို့ပါ။ ဆန္ဒပြပွဲကတောင်းဆိုသံတွေလည်း လွှတ်တော်ခေါ်ပေးဖို့၊ တွေ့ဆုံဆွေးနွေးကြဖို့၊ နိုင်ငံရေးအကျဉ်းသားတွေလွှတ်ပေးဖို့ တစ်ခုမှမပါခဲ့ပါဘူး။ တကယ့်ပြည်သူတွေ ရင်ဆိုင်နေရတဲ့ ဒုက္ခပြဿနာတွေပါ။ အဲဒီဆန္ဒပြပွဲ လူစုခွဲတော့ ကျနော်လည်း နောက်ရင်းပြန်ဆုတ်ပြီးတော့ တရုတ်နှစ်သစ်ကူးပွဲဆင်နွှဲနေတဲ့ တရုတ်လူငယ်အကအဖွဲ့တွေကြား ခြေရာဖျောက်ခဲ့တယ်။

ညပိုင်းရောက်တော့ ကျနော်ပြန်စဉ်းစားမိတယ်။ ကျနော်တာဝန်ကျေခဲ့တယ်ဆိုပေမဲ့ ဆိုင်းဘုတ်စာတမ်းကိုင်ဆောင်တဲ့ အမျိုးသမီးလောက်သတ္တိမရှိခဲ့ပါဘူး။ တကယ်လို့ဆန္ဒပြလို့ဖမ်းမယ်ဆိုရင်ကျနော် ဗိုလ်ချုပ်မှူးကြီးမောင်အေးကို သတိရမိမှာပါ။ ကျနော်တို့ အလယ်တန်းကျောင်းသားတွေ ၁၉၉၀ ဩဂုတ်လ ၈ ရက်နေ့တုန်းက နောက်ဆုံးဆန္ဒပြလို့ တိုင်းမှူးဗိုလ်ချုပ်မောင်အေး အိမ်ကိုအပို့ခံခဲ့ရပါတယ်။ ဒီမှာ ဗိုလ်ချုပ်မောင်အေးက အရေးမယူတဲ့အပြင် *“ကလေးတို့ မင်းတို့စာကြိုးစားကြပါဦး၊ ပညာတတ်မှနိုင်ငံရေးလုပ်ပါ။ ပညာမတတ်ဘဲ နိုင်ငံရေးလုပ်လို့မရပါဘူး။ သူပုန်ထဲသွားရင်လည်း ထင်းရှာ၊ ရေခပ်၊ မျှစ်ရှာတဲ့အလုပ်တွေလုပ်ရမှာ၊ ဒါကြောင့်ပညာကိုသင်ကြပါဦး”* ဆိုပြီးတရားချလိုက်တယ်။ အဲဒီနောက်ပိုင်း ဆန္ဒမပြခဲ့ရတဲ့ကျနော်ဟာ ခုဆိုပညာတတ်ပြီ(တက္ကသိုလ်မှာ သင်ခဲ့ရတဲ့ပညာပါ) ဗိုလ်ချုပ်မောင်အေးပြောသလို နိုင်ငံရေးလုပ်လို့ရပါပြီ။ ဆန္ဒပြလို့ရပြီမဟုတ်လား။

အထက်ဖော်ပြပါ ဆန္ဒပြမှုနှစ်ခုကို ပြန်တွေးကြည့်လိုက်စမ်းပါ။ ဘယ်ဆန္ဒပြပွဲက အနှစ်သာရရှိသလဲဆိုတာ။ ဆူပူမှုဖြစ်တိုင်း အာဏာပိုင်တွေစွပ်စွဲနေကျ ဗကပ ယူဂျီတွေရဲ့လက်ချက်ဆိုပြီး ဗကပ ကို အပုပ်ချ ရှုံ့ချပေမဲ့ နအဖကိုယ်တိုင်က ကွန်မြူနစ်ဘိုးအေ ရုရှားနဲ့တရုတ်ကို မှီခိုကိုးကွယ်နေပါတယ်။ အဲဒီ ဘိုးအေကွန်မြူနစ်တွေက လုံခြုံရေးကောင်စီမှာ မြန်မာပြည်အရေး အာဂျင်ဒါ မပါရအောင် ဗီတို နှစ်ထပ်နဲ့ ပယ်ချလိုက်တာကို နအဖ ကကျေးဇူးတင်ဂုဏ်ယူနေတယ်ဆိုတာ သူတို့ရဲ့ မီဒီယာတွေ ကြည့်ရင်သိနိုင်ပါတယ်။

**စိုင်းမင်းလွင် (NGSS)**

ဘုရင့်နောင်လက်ထက်က ပြန်ရာဇ်မင်း ခေါ် ထိုင်းဘုရင်ဖရနရေးဆွန်မဟာရာဇာ၏အတ္တုပ္ပတ္တိကို နန်းတွင်းမင်းမျိုးမင်းနွယ်တစ်ဦးဖြစ်သူ ချာတရီချလိမ်ယုခွန်း က အပိုင်း ၃ ပိုင်းခွဲ ရုပ်ရှင်ရိုက်ကူးခဲ့ရာ ပြီးခဲ့သည့် ဇန်နဝါရီလ ၁၈ ရက် ထိုင်းတပ်မတော်နေ့တွင် အပိုင်း ၁ ကိုရုံတင်ပြသသွားပြီး အပိုင်း ၂ ကို ဖေဖော်ဝါရီလ ၁၅ ရက်တွင်ရုံတင်ပြသသွားပါသည်။ အပိုင်း ၃ မှာ ရိုက်ကူးနေဆဲဖြစ်သဖြင့် လာမည့် ဒီဇင်ဘာလ ၅ ရက် ထိုင်းဘုရင် အသက် ၈၀ ပြည့်မွေးနေ့တွင် ရုံတင်ပြသနိုင်ဖွယ်ရှိကြောင်းထိုင်းရုပ်ရှင်အသိုင်းအဝိုင်းကခန့်မှန်းထားကြသည်။

ရုပ်ရှင်ဇာတ်လမ်းတွင် ဟံသာဝတီခေတ်ကဘုရင့်နောင်မင်းသည် ထိုင်းနိုင်ငံအယုဒ္ဓယမြို့တော် သိမ်းပိုက်အပြီး ထိုင်းနန်းတွင်းပစ္စည်းအမြောက်အများကို ဟံသာဝတီနေပြည်တော်သို့ သယ်ဆောင်သွားကြောင်း ပြသထားသဖြင့် ထိုင်းမျိုးချစ်ပုဂ္ဂိုလ်များမှာ မြန်မာပြည်မှ ရှေးဟောင်းပစ္စည်းများစုဆောင်းလိုမှုပြင်းပြ၍ ထိုက်ထိုက်တန်တန် ဈေးပေးရာဝယ်လျက်ရှိနေသည်ဟု ဆိုပါသည်။

ထိုအတွက်ကြောင့် နအဖ စစ်အစိုးရကလည်း ပြည်တွင်းမှ ရှေးဟောင်းပစ္စည်းများ ခိုးထုတ်သောမှောင်ခိုများအား ပိုမိုတားမြစ်ပိတ်ပင်ခြင်း၊ ဖမ်းဆီးရမိပါက ပြင်းပြင်းထန်ထန်အရေးယူခြင်းများ ပြုလုပ်လျက်ရှိကြောင်းသိရသည်။ ရှေးဟောင်းပစ္စည်းများကို အများဆုံး သယ်ထုတ်လေ့ရှိသော တာချီ လိတ်– မယ်ဆိုင်လမ်း၊ မြဝတီ–မဲဆောက်လမ်း၊ ကော့သောင်–ရနောင်းလမ်းတို့ကို တင်းတင်းကျပ်ကျပ် စောင့်ကြပ် စစ်ဆေးရန်လည်း ညွှန်ကြားထားသည်ဟု ဆိုပါသည်။ ဘုရင့်နောင်မင်းက သိမ်းယူသွားသော ထိုင်းရှေးဟောင်းပစ္စည်းများမှာ ယခုအခါ တောင်ငူသမိုင်းပြတိုက်တွင် ပြသထားရှိကြောင်း ပြည်တွင်းသတင်းအရ သိရပါသည်။

နရေးဆွန်မင်းတရားသည် ခရစ်နှစ် ၁၅၅၅ ခုနှစ် ထိုင်းနိုင်ငံ ဖိစနုလုတ်မြို့၌ မွေးဖွားခဲ့သည်။ မြန်မာမင်းက သိမ်းပိုက်အုပ်ချုပ်ခဲ့သော အယုဒ္ဓယမြို့တော်အား နရေးဆွန်မင်းတရားက ၁၅၈၄ ခုနှစ်တွင် ပြန်လည်သိမ်းပိုက်ရယူနိုင်ခဲ့သည်။ ယခင်ကထိုင်း တပ်မတော်နေ့သည် ဇန်နဝါရီလ ၂၅ ရက်နေ့ဖြစ်သော်လည်း ၁၉၊ ၉၊၂၀၀၆ ထိုင်းနိုင်ငံကို ထိုင်းစစ်တပ်က အာဏာသိမ်းယူပြီးနောက်ပိုင်း မြန်မာဘုရင်အား နရေးဆွန်မင်းတရားက တိုက်ခိုက်အောင်နိုင်ခဲ့သော ဇန်နဝါရီလ ၁၈ ရက်နေ့ကိုအစွဲပြု၍ ထိုင်းအစိုးရက ထိုင်းတပ်မတော်နေ့အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့သည်။ ❑

# ပါဝါ ဋီကာ

သီပေါတောကျား (၃၊၂၊၂၀၀၇)



"ဖိလွှန်းလှမှု ကြွပြု၏"ဟူသော လူကြီးသူမများ၏ ဆိုရိုးစကားအတိုင်း ယနေ့ဗမာစစ်အစိုးရ၏ အုပ်ချုပ်မှုယန္တရားအောက်ဖိနှိပ်မှုများလွန်းခြင်းကြောင့်ပြုကြွလာသော ဆိုးကျိုးရလဒ်ကား မည်သည့်မျိုးဆက်များအထိ ဆုံးခန်းတိုင်မည်မှန်းမသိမြင်နိုင်ပေ။ စကားပီသစွာမပြောတတ်သေးသောကျောင်းသားငယ်တစ်ယောက်က မေးခွန်းကို နားမလည်သဖြင့် တမှိုင်မှိုင်ငေး နေမိရာ "ဟဲ့…နင်ကခုမှ သူငယ်တန်းပဲ ရှိသေးတယ်၊ ငါ့ကိုအာခံချင်တာပေါ့လေ … ဒီရှေ့ကိုလာစမ်း။ မှတ်ပလား …မှတ်ပလား …"။ ဒေါသရှေ့တန်းတင်၍ ခလေးအား မညှာမတာ တဖျန်းဖျန်းရိုက်နှက်အာဏာပြနေသော ဆရာမတယောက်၏ စာသင်ကြားမှုမြင်ကွင်းကိုကြည့်ခြင်းအားဖြင့် နားလည်နိုင်မည်ထင်ပါသည်။ယနေ့ခေတ်ဆယ်တန်းအောင်ကျောင်းပြီး လူငယ်လူရွယ်များအဖို့ ကံဆိုး မိုးမှောင်တိုင်းပြည်၌ ကျောင်းကတပ်ပေးလိုက်သည့်မျက်မှန်စိမ်းများတကားကားဖြင့် စနစ်ပုံစံခွက်အတွင်း သက်ဆင်းနစ်မြုပ်နေကြသည်။မိဘဆရာများကလည်း ရေလာမြောင်းပေးလုပ်ကြရန်ဝန်မလေး။ *"နောင်ကိုယ့်ဖိနပ်ကို သူများကိုင်စေချင်ရင် အခုသူများဖိနပ်ကို ကိုယ်ကအရင်ကိုင်ရမယ်"* ဟူသောသဘောတရားအပေါ် အမိပွါယ်ကောက်မှားသည့် အတွေးအခေါ်များ တဖြည်းဖြည်း ကျယ်ပြန့်နက်ရှိုင်းလာသည်။ ယခင်လိုဆရာဝန်၊အင်ဂျင်နီယာဖြစ်ဖို့ထက်စစ်ဗိုလ်လောင်းစစ်ထောက်လှမ်းရေး၊မှူးယစ်ရဲ၊ အကောက်ခွန်၊ သစ်တော၊ လဝက၊ ယာဉ်ထိန်းရဲ စသည့် ဖိနှိပ်သူခြစား လူတန်းစား အလုပ်ကိုခုံမင်လာကြသည်။ အာဏာပါဝါ တခုခုရှိမှ မိသားစု စားဝတ်နေရေးပိုလုံပြီး ကျက်သရေဂုဏ်နှင့်ပြည့်စုံနေမည်မဟုတ်ပါလော။ *"တော်တို့သားသမီးကတော့ဘယ်လိုပါဝါရှိကြောင်း၊ ဘယ်လူကြီးများနှင့်ဝင်ဆန့်ကြောင်း၊ နောက်လ ရာထူးတိုးတော့မည်ဖြစ်ကြောင်း"* စသဖြင့် မောက်မာဝင့်ကြွားတတ်ကြသည်။

သို့သော် တရားမျှတမှုစိုးစဉ်းမျှမရှိသော အုပ်ချုပ်ရေးအောက်တွင်သူနိုင်ကိုယ်နိုင်အပြိုင်အာဏာပါဝါပြကြသဖြင့် တက်သူတက်၊ ပြုတ်သူကပြုတ်ခွက်စောင်းခုတ်လာကြသည်။

ယခင်ကဆိုလျှင် စစ်ထောက်လှမ်းရေးမှ စစ်ထောက်လှမ်းရေး၊ ဒူးတုန်အောင်ကြောက်ရသည်။ ပစ္စည်းဖမ်းခံရသဖြင့် ပြန်လိုချင်ပါကအမျိုးသမီးများဘဝအပျက်ခံ အစားထိုးခိုင်းသည်အထိ ပါဝါပြစွမ်းအားရှင်များဖြစ်ခဲ့ကြသည်။ တိုင်းပြည်ငယ်တခုဝယ်ယူ၍ရနိုင်လောက်သောလာဘ်စားမှုများပြုရဲခဲ့ကြသည်။ *"တိုင်းပြည်အရေးရှေးရှု၍ လာဘ်ပေးလာဘ်ယူမှုကြီးကိုနိုင်ငံတော်မှဖေါ်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း"* သတင်းစာရှင်းလင်းပွဲခမ်းနားစွာပြုလုပ်ပြီး ပုပ်ပွနေသောငင်း၏ခြေတဖက်ကို နအဖ မှမိုက်မဲစွာကမ္ဘာသိအောင် ဖြတ်ပြခဲ့သည်။ ထိုသို့မလုပ်လျှင် ဦးခေါင်းပါကေန်မုချဖြတ်ပစ်ရသည်အထိကူးစက်လာမည်ကိုစိုးရွံ့ပုံရသည်။ ထိုလုပ်ရပ်ကြီးကား တိုင်းပြည်အတွက် မဟာအောင်မြင်မှုကြီးမဟုတ်။ မြွေမြွေချင်းခြေမြင်သဖြင့် စစ်ထောက်လှမ်းရေးဂိုဏ်းမှကျားတကွက်စာရှုံးသွားခြင်းသာဖြစ်သည်။ လာဘ်စားသူတိုင်းဖြုတ်ထုတ်စတမ်းဆိုလျှင် လက်ရှိဗမာပြည်စစ်အစိုးရရုံးအားလုံး ရုံးတက်သူတစ်ဦးတစ်ယောက်မျှကျန်တော့မည်မဟုတ်။ ပါဝါပိုကြီးသူကစားသွားခြင်းဖြစ်သည်။

မျက်မှောက်ကာလ၌လည်းအေးချမ်းဖြိုး၊ ပြည်ခိုင်ဖြိုး၊ နယ်စပ်ကုန်သွယ်ရေး၊စစ်ဖက်လုံခြုံရေးအထူးရဲတပ်ဖွဲ့စသည့်အဖွဲ့များအာဏာပါဝါအရှိန်ရလာသည်။ငင်းအဖွဲ့များသို့ဝင်ရန်အချို့လူငယ်များအာသီသပြင်းပြကြသည်။ငွေကြေးအကုန်အကျခံလာဘ်ထိုး၍လျှောက်တင်ကြသည်။ ငင်းအဖွဲ့များထဲ၌ မွေးကြိုင်သောမက်လုံးများစွာရှိသောကြောင့်ဖြစ်သည်။ ယခုခေတ် နယ်ထိန်းရဲ၊ ဗိုလ်မှူး၊ ဗိုလ်ကြီးများဆိုလျှင်ခလေးမျက်နှာမပျောက်သေးသော အသက်အစိတ်ပတ်ဝန်းကျင် ခပ်များများဖြစ်ကြသည်။ ပုခုံး ပေါ်မှအပွင့်ကို မနိုင်မနင်းထမ်းပိုးကြသည်။ မိုက်ရိုင်းစွာဂျစ်ကန်ကန်လုပ်တတ်သည်။ အာဏာအလွဲသုံးစားလုပ်ရန်ဝန်မလေးတတ်ကြ။ ငွေကိုရေလိုရှာဖွေသုံးဖြုန်းနိုင်ကြသည်။ ကိုယ်ချင်းစာနာစိတ်ထားများရှိဖို့ဝေးစွ၊ မိမိမျက်နှာရရန် ဘယ်တိုင်းသူပြည်သားကိုမျှငဲ့ညှာသနားကြင်နာပုံမပေါ်။လူထုကိုဆဲဆိုဟိန်းဟောက်ခြိမ်းခြောက်ရိုက်နှက်ရန်နှုတ်လက်မတွန့်တတ်ကြ။ပြီးလျှင်ငင်းတို့အချင်းချင်းလည်းပါဝါလု စိန်ခေါ်ထိုးသတ်ကြသည်။ နိုင်သူက ပါဝါကြီးသွားပြီး ရွှေဘုံပေါ် ယာယီစံမြန်းရသကဲ့သို့ ရှုံးသူက ရာသက်ပန်ထောင်နန်းစံကြရသည်။

သို့ဖြစ်၍ မိမိအာဏာပါဝါရှိရန်အဆင့်ဆင့်အုပ်စိုးသူများကြိုးပမ်းအားထုတ်နေကြသည်။ ကုန်သည်ပွဲစားလောက၌လည်း

ငွေကြေးဖြင့်ပါဝါပြနိုင်ရန် ချမ်းသာဖို့နည်းလမ်းပေါင်းစုံလုပ်ကြသည်။ တချို့လဲအုပ်ချုပ်ရေးပါဝါရှိသူများနှင့် သမီးပေးဆွေမျိုးစပ်ကြသည်။ အချို့ကပါဝါအတွက်ဘဝနှင့်ရင်းယူကြသည်။အချို့ကကြံ့ခိုင်ရေး၊ ရုံးဝန်ထမ်း၊ ပြည်သူ့စစ်၊ ရအဖ အဖွဲ့ဝင်၊ ကြံ့ဖွံ့၊ မီးသတ်၊အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေး၊ သာသနာနုဂ္ဂဟ၊ စသည့် နီးစပ်ရာအဖွဲ့များ၌ပါဝါရှိရေးအတွက် ဝင်ရောက်နိုင်ရန်လုံးပမ်းကြသည်။ ရပ်ကွက်ကျေးရွာအတွင်း မည်သည့် အာဏာပိုင်အဖွဲ့အစည်းနှင့်မျှ နီးစပ်ခွင့်မရသောသူ အဖို့ အာဏာရှိသူတို့၏ပါဝါပြခြင်းကို မကြာခဏခံကြရစမြဲဖြစ်သည်။ မည်သည့်ရပ်ကွက်၊ မြို့နယ်လူကြီးနှင့်မျှသွား၍အတိုက်အခံမလုပ်လေနှင့်။ ၄င်းတို့အမြင်ကပ်ခဲ့လျှင် အိမ်ကိုရဲက စစ်လားဆေးလားလုပ်လာတတ်ကြ၏။ သောက်မြင်ကပ် ပုဒ်မနှင့်လည်းဒဏ်ရိုက်တတ်ကြ၏။ အချို့အိမ်ဝင်းထဲ ရဲများက ဘိန်းထုပ်၊ရာဘထုပ်များတိတ်တဆိတ်ပစ်ထည့်ထားကာ အကြောင်းမရှိအကြောင်းရှာအမှုဆင်ထောင်ဖမ်းသည်အထိ ပါဝါပြလေ့ရှိကြောင်း၊ ရင်းနီးသောမိတ်ဆွေများပြောပြဖူးသည်။

တခါကတပ်ရင်းဝါးတားဂိတ်တခုကိုကားတစီးဖြတ်သန်းစဉ် ဂိတ်စောင့်ရဲဘော်တယောက်က စုံစမ်းစစ်မေးငွေတောင်းမိရာ ကားရှေ့ခန်းမှအမှတ်မထင်ပါလာသူအရာရှိတဦး ဆင်းလာပြီး ဂိတ်စောင့်ရဲဘော်အား လေးငါးပြန်ပါးရိုက်၍ ပါဝါပြသွားသည်ကို ပြန်မြင်ယောင်မိပါသည်။ ပါးရိုက်ခံရသူဂိတ်စောင့်ရဲဘော်မှာ အဖေအရွယ်လောက်ရှိပြီးအရာရှိငယ်မှာသားအရွယ်ခန့်သာရှိသည်။

အခြားခရီးစဉ်တခုမှအတွေ့အကြုံမှာလည်းစစ်ဆေးရေးဂိတ်၌အစစ်ဆေးခံနေစဉ် ယူနီဖေါင်းမဝတ်သောစစ်ဖက်လုံခြုံရေး လိုလိုအရာရှိတယောက်က ခရီးသည်တိုင်းကိုစစ်ဆေးမေးမြန်းရင်း မှတ်ပုံတင်မပါသူများတပ်စခန်းထဲခေါ်သွားပြီး လက်မှတ်ထိုးခိုင်း၏။ အမှန်မှာ ပိုက်ဆံညှစ်ဖို့သွားခိုင်းခြင်းဖြစ်သည်။ ဂိတ်နှင့်တပ်စခန်း အနည်းငယ်အလှမ်းဝေးနေသဖြင့်မသွားချင်သူကားသမားက ဂိတ်စောင့် အရာရှိနှင့်အပြိုင်ပါဝါပြလေတော့သည်။ ကားသမားက *"ကျုပ်မောင်းတဲ့ကားက ဘယ်သူ့ကားထင်သလဲ၊တိုင်းရုံးကဗိုလ်မှူးကြီး(–) ရဲ့ကားဖြစ်တယ်"* ဟုပက်တော့သည်။ ခရီးသည်များရှေ့၌ ကားသမား၏တိုက်ခိုက်ပြောဆိုမှုခံရသောအရာရှိကလည်း မခံမရပ်နိုင်ဖြစ်ကာ *"အဲဒီဗိုလ်မှူးကြီးအဆင့်လောက်နဲ့လာမခြိမ်းခြောက်လေနဲ့၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တောင်ဂရုမစိုက်ဖူးဟေ့"* ဟုပြန်ငေါက်ကာ ထိုးမည်ကြိတ်မည်တကဲကဲဖြစ်နေသဖြင့် ခရီးသည်များ ကြားမှဝင်ရောက်ဖျန်ဖြေပေးခဲ့ရသည့်အဖြစ်လည်းကြုံခဲ့ရဘူးသည်။ လူတိုင်းအာဏာပါဝါကိုမက်မောခုံမင် တွယ်တာနေကြသည်မှာအဆန်းမဟုတ်ပါ။

ဆင်ဖြူတော်မှီကြံ့စုပ်လူတန်းစား၊ ပုတ်သင်ညိုလိုလိုလူစား၊ နှစ်ဖက်ချွန်သမားများအဖို့ ပို၍အကင်းပါးတတ်ကြသည်။ မည်သူမည်ဝါအာဏာပိုင်ဖြစ်စေ ကပ်ဖားရပ်စားလုပ်ရန်အသင့်ဖြစ်နေတတ်သည်။ မိမိကိုယ်ကျိုးအမြတ်အစွန်းအတွက် မည်သို့လုပ်ပေးရလုပ်ပေးရ၊ ထောင်မြင်ရာစွန့်နည်းဖြင့် ပုပ်ပွန်းစော်နေသော နအဖ အုပ်ချုပ်မှုစနစ်ကြီးကိုအားပေးအားမြှောက်ပြုနေကြသည်။ ထိုသူများကား တရုတ်ဘိန်းကုန်သည်ကြီးများ၊ ကုလားမှောင်ခိုသမားများ၊ စစ်ဗိုလ်တစုနှင့်ရင်းနီးသော ဝိသမလောဘသားများ၊ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုသည့် မြို့မျက်နှာဖုံးများ၊ လက်နက်ကိုင် အပစ်ရပ်အဖွဲ့မှအရာရှိအချို့ပါဝင်ကြသည်။ နဝတ/နအဖ ခေတ်အတွင်းကျောက်စိမ်း၊ ကျွန်းသစ်၊ ဘိန်းဖြူများကို တရုတ်၊ကုလားမှောင်ခိုရာဇာများက အများအပြားကူးသန်းရောင်းဝယ်၍ ကောင်းစားနေကြရခြင်းမှာ လိုအပ်ရင်တမျိုး၊ မလိုအပ်ရင်တဖုံခွဲ့ကြွေးလာဘ်ထိုးတတ်ကြသောကြောင့်ဖြစ်သည်။ လွန်ခဲ့သော ၁–၂ နှစ်အတွင်း အပစ်ရပ်အချို့လက်နက်ချခဲ့ရခြင်းမှာ အထက်ပါလူတန်းစားများ၏ အကြံပက်စက်မှုများပါဝင်သည်။ သို့သော် အချို့အပစ်ရပ်အဖွဲ့ဝင်များသည် မူလဝတ်စုံချွတ်ပြီးသည်နှင့် ကြံ့ဖွံ့လူကြီးစတိုင်ဖမ်းကာ ပြည်သူများအပေါ်ခေါင်းပုံဖြတ်ရန် ပါဝါအားသွင်းနေကြပြန်သည်။ အချို့လည်း၎ါနေပြည်သူ့စစ်အမည်ခံ၍ နအဖ စစ်ဗိုလ်များနှင့်လက်တွဲကာ ဘိန်းဖြူ၊ရာဘ များရောင်းဝယ်ခြင်းဖြင့်ကြီးပွါးနေကြပြန်သည်။ထို့ကြောင့်ယနေ့ခေတ်လူငယ်များယုံကြည်ကြပုံမှာ လူမှုအသိုင်းအဝိုင်းအတွင်း အာဏာပါဝါ တခုခုကိုဆုပ်ကိုင်ပိုင်ဆိုင်ရလျှင်ဖြင့် မိမိလိုချင်သောအရာ ပြည့်စုံစေနိုင်မည်ဟု နှလုံးသွင်းစွဲမှတ်လက်ခံလာကြသည်။ *"ပါဝါပြသည် ... ပါဝါပြသည်"* ဟူသောအသုံးအနှုန်းသည်လည်း လူတိုင်း၏ပါးစပ်ဖျားတွင်ခေတ်စားလာတော့သည်။

အာဏာပါဝါ အကြောင်းကို တစိတ်တဒေသဖွင့်ဟကာချဲ့ပြရခြင်းမှာ စစ်အာဏာရှင်စနစ်အုပ်ချုပ်မှုအောက် မိမိတို့၏မိသားစု၊လူမှုအသိုင်းအဝိုင်းတွင်း ပြုမူကျင့်ကြံမှုများ ကူးစက်ပြန့်ပွါးနေခြင်းကို မီးမောင်းထိုးပြလိုသောကြောင့်ဖြစ်သည်။ အိမ်တွင်းသားမယားများအပေါ် အကြမ်းဖက်ဖိနှိပ်၍ပါဝါပြတတ်သောအိမ်ထောင်ဦးစီးများ၊ အမျိုး၊ဘာသာ၊ယဉ်ကျေးမှုကိုခုတုံးလုပ်ပြီး တက်လူငယ်များအပေါ်အာဏာသုံး၍ အဓမ္မလုပ်အားပေးခိုင်းစေသော အရေခြုံ လူမှုရေးခေါင်းဆောင်များ၊ ရပ်ရေးရွာရေးဆောင်ရွက်နေသယောင် မှောင်ခိုသမားများနှင့်ပူးပေါင်း၍ မိမိကိုယ်ကျိုးအတွက် အာဏာအလွဲသုံးစားလုပ်နေသော မအဖ၊ ရအဖ ဥက္ကဋ္ဌများ၊ ပရိသတ်က နာကြားချင်လား၊မနာချင်လားမသိပဲ အတင်းလိုက်လံတရားဟောကြားဆုံးမပြီး ခေါင်းငုံ့နားထောင်ခိုင်းသော လိုင်စင်ရ ဘုန်းကြီး၊ဓမ္မဆရာသာသနာ့အကျိုးဆောင်များစသဖြင့် ပေါ်ပေါက်လာသည်။လက်ပိုက် နားထောင်ရုံသက်သက်ရှိပြီး ၄င်းတို့ပေးသည့်အဖြေသာအမှန်ကန် ဆုံးအဖြစ်မှတ်ယူရပြီး အခြားနည်းလမ်းဖြင့် ပြန်လည်မေးခွန်းထုတ်မေးမြန်းခွင့် မရှိသောပညာရေးမှာလည်း နအဖ ခေတ်၏ပြယုဂ်တခုဖြစ်၏။ မိမိထက်ငွေဂုဏ်ပကာသနကြွယ်ဝသူ၊ မိမိထက်အသက်ကြီးသူ၊ ပါဝါရင့်သူတို့အားစောဒကတက်ပြောဆိုနိုင်ခွင့်မရှိသည့်၊ တစ်ဦးတစ်ယောက်ကောင်းကြိုးနီစနစ် ဗျူရိုကရက်လူ့အဖွဲ့အစည်း တွင်ကျယ်လာသည်။

ထို့ကြောင့်ဗမာပြည်တွင်ပျောက်ကွယ်လုနီးပါးစိမ့်မှုန်မျှတသည့်လူ့အဖွဲ့အစည်းအသိုင်းအဝိုင်း **(Civil Society)**၊ ကောင်းမြတ်သောအုပ်ချုပ်မှုစနစ် **(good governance)/** တခြားရွေးစရာ ကောင်းမွန်သောပညာရေး **(Alternative Education)/** စုပေါင်းခေါင်းဆောင်မှုနှင့် အာဏာခွဲဝေမှု **(Power Sharing)/** အကြမ်းမဖက်သောနည်းလမ်း **(Non- violence)** စသည့်ကဏ္ဍများအတွက် နိုင်ငံတကာအသိုင်းအဝိုင်းနှင့်ပူးပေါင်းကာ တိုင်းရင်းသားများအားလုံးအားစိုက်လေ့လာဖြန့်ဝေအသိပညာပေးပြီး လက်တွေ့ကျင့်သုံးဆောင်ရွက်ရန် အချိန်ကျရောက်ပြီဖြစ်ကြောင်း တိုက်တွန်းအပ်ပါသည်။ ❑

စာမျက်နှာ 29 မှ

ထူထောင်ခဲ့ပါတယ်။ ကျွန်မတို့တွေဒီလိုထူထောင်ခဲ့ရတဲ့ အကြောင်းရင်းကတော့ ကုလသမဂ္ဂ ဒုက္ခသည်များမဟာမင်းကြီးက ထိုင်းနိုင်ငံမှာရှိနေတဲ့ရှမ်းတွေကို ဒုက္ခသည်အဖြစ် အသိအမှတ်မပြုလို့ပါ။ အဲဒီလို ဒုက္ခသည်အဖြစ် အသိအမှတ်မပြုခံရတဲ့အတွက် အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ စားရေး၊ နေရေး၊ ကျန်းမာရေး၊ ပညာရေး စောင့်ရှောက်မှုတွေကိုသူတို့မရခဲ့ကြပါဘူး။ လူငယ်တွေအတွက် အထူးသဖြင့် အမျိုးသမီးတွေအတွက်ကတော့ အခြေအနေပိုဆိုးပါတယ်။”

အိမ်ရှင်ထိုင်းနိုင်ငံကချမှတ်တဲ့ မူဝါဒတွေအောက်မှာ လုပ်ငန်းတွေလုပ်ဆောင်နေရတဲ့ ကုလသမဂ္ဂဒုက္ခသည် ဆိုင်ရာ မဟာမင်းကြီးရုံးဟာ ရှမ်းလူမျိုး ဒုက္ခသည်တွေအတွက်တော့ လုံခြုံမှု မပေးနိုင်ခဲ့ပါဘူး။

“ကျွန်မအဲဒီကျောင်းမှာ ဒါရိုက်တာအနေနဲ့ တာဝန်ထမ်းဆောင်ပါတယ်။ အခုဆိုရင် ကျောင်းမှာဘာသာရပ်တွေအဖြစ်နဲ့ လူ့အခွင့်အရေး၊ ဒီမိုကရေစီ၊ ကွန်ပြူတာပညာနဲ့ အင်္ဂလိပ်စာတွေ တတ်ကျွမ်းအောင်သင်ကြားပေးပါတယ်။ သူတို့ရဲ့ အသိုင်းအဝိုင်း တွေကြားမှာ ဒီပညာတွေ ပြန်အသုံးချနိုင်အောင်လို့ပါ။ သူတို့တွေကို လူ့အခွင့်အရေးမြှင့်တင်သူတွေလဲ ဖြစ်လာစေချင်ပါတယ်။”

သူတို့တည်ထောင်ခဲ့တဲ့ ကျောင်းလေးရဲ့ အသီးအပွင့် တွေကိုတော့ ချမ်တောင်းက အခုလိုဆက်ပြောပြပြန်ပါတယ်။

“အခုဆိုရင် သူတို့ထဲက တချို့ဟာ ရပ်ရွာလူထုအခြေပြု ရေဒီယိုအသံလွှင့်ဌာနမှာ အစီအစဉ်ကြေညာသူတွေဖြစ်နေပါပြီ၊ တချို့ကတော့ အိတ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ်အကြောင်း ပညာပေးသူတွေဖြစ်နေပါပြီ။ တချို့က ကျောင်းဆရာတွေဖြစ်လာတယ်။ တချို့က ဆေးဝန်ထမ်းတွေဖြစ်နေကြပါပြီ။ တချို့တွေကတော့ အမျိုးသမီးအဖွဲ့တွေ၊ မီဒီယာအဖွဲ့အစည်းတွေထဲမှာ လုပ်ကိုင်နေပါတယ်။ တချို့တွေကဆိုနိုင်ငံတကာလှုပ်ရှားသူတွေအဖြစ်နဲ့အမျိုးသမီးတွေရဲ့အခြေအနေတွေ၊ မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေးအခြေအနေတွေကို နိုင်ငံတကာက သိအောင် လုပ်ဆောင်နေကြပါတယ်၊”

မိဘမဲ့ကလေးတယောက် အနေနဲ့ကြီးပြင်းခဲ့တဲ့ မေရီကလေးဟာ မိဘမဲ့ကလေးတွေကို ပြန်စောင့်ရှောက်ရင်း ဂေဟာလေးတခုကို ထူထောင်ခဲ့ပါတယ်။ အကာအကွယ်မဲ့နေတဲ့ကလေးတွေကို ပညာတတ်တွေဖြစ်အောင် ပြုစုပျိုးထောင်ပါတယ်။ အဲဒီ ဂေဟာလေးမှာ ကြီးပြင်းခဲ့ရတဲ့ နန်းချမ်တောင်းတယောက်ကတော့ တိုင်းပြည်အရေး လှုပ်ရှားသူ၊ ငြိမ်းချမ်းရေး တည်ဆောက်သူ၊ ပညာပေးသူတယောက် ဖြစ်လာခဲ့ပါတယ်။ အခုတခါ နန်းချမ်တောင်းကလည်း သူနဲ့ ဘဝတူ ဒုက္ခသည် ရှမ်းလူငယ်လေးတွေကို ပညာအမွေထပ်ဆင့်ပေးနိုင်ခဲ့ပါပြီ။

ဒီလိုနဲ့ မေတ္တာနဲ့ဖွဲ့စည်းထားတဲ့ ပညာရေး နှလုံးသားစက်ဝန်းလေးဟာ ဆက်လက်လည်ပတ်လို့နေပါတယ်။

**(နန်းချမ်တောင်းရဲ့ ဒီအထုပ္ပတ္တိဆောင်းပါးကို နိုင်ငံတကာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အနေနဲ့ ရေးသားထားတာ ဖြစ်ပါတယ်)**

**အောင်နိုင် / NMG**



# ကျောင်းသားငြိမ်းချမ်းရေးဆုရှင် နန်းချမ်တောင်း



Photo by Eivind Hoibo

၂၃၊ ၀၂၊ ၀၇ ရက်နေ့ည ၈ နာရီမှာ နော်ဝေးနိုင်ငံ ကျောင်းသားတွေက ဦးဆောင်ကျင်းပတဲ့ နိုင်ငံတကာကျောင်းသားများငြိမ်းချမ်းရေးဆုချီးမြှင့်ပွဲကျင်းပပြီး မြန်မာနိုင်ငံကလူ့အခွင့်အရေးလှုပ်ရှားသူ သျှမ်းအမျိုးသမီး နန်းချမ်တောင်းကို ဆုချီးမြှင့်ခဲ့ပါတယ်။ ဒီဆုပေးပွဲနဲ့ဆုအကြောင်းကိုဆုရှင်ဖြစ်တဲ့ နန်ချမ်တောင်းနဲ့ ဆက်သွယ်မေးမြန်းခဲ့ပါတယ်။

နော်ဝေးနိုင်ငံ ထရွန်ဟိုင်းမြို့မှာကျင်းပခဲ့တဲ့ နိုင်ငံတကာကျောင်းသားငြိမ်းချမ်းရေးဆုပေးပွဲမှာ ကိုယ်တိုင်တက်ရောက် ဆုယူခဲ့တဲ့ မြန်မာနိုင်ငံက သျှမ်းတိုင်းရင်းသူ နန်းချမ်တောင်းကိုဆုပေးပြီးပြီးချင်း ဆက်သွယ်မေးမြန်းခဲ့တာပါ။ ဒီဆုပေးရခြင်း၏ရည်ရွယ်ချက်ကို မေးကြည့်ရာမှာ နန်းချမ်တောင်းက အခုလိုပြောပြပါတယ်။

*"ဒီဆုဟာ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီအတွက်ကြိုးပမ်းလုပ်ဆောင်တဲ့လူငယ်တွေနဲ့ ကျောင်းသားတွေကိုချီးမြှင့်တဲ့ဆုပါ။ အခွင့်အရေးရှိဖို့တောင်းဆိုနေသူလူငယ်တွေ လောကသစ်ပြောင်းလဲတဲ့ကျောင်းသားတွေကို ရည်ရွယ်ပေးတာဖြစ်တယ်"*လို့ နန်းချမ်တောင်းက ပြောပြသွားတာပါ။

၂ နှစ်မှ တစ်ကြိမ်သာပေးတဲ့ ဒီကျောင်းသားငြိမ်းချမ်းရေးဆုနဲ့ ဆုပေးပွဲအခမ်းအနားနဲ့ပတ်သက်လို့လည်း နန်းချမ်တောင်းက အခုလိုပြောပြပါတယ်။ *"ငြိမ်းချမ်းရေးဆုနဲ့ဆုပေးပွဲဟာ အစွမ်းကုန်ကြိုးပမ်းတဲ့သူကို အသိအမှတ်ပြုပေးတဲ့ဘွဲ့ဖြစ်သလို မြန်မာနိုင်ငံထဲက ဆင်းရဲဖိနှိပ်မှုမျိုးစုံ ခံနေရတဲ့ လူငယ်လူရွယ်တွေရဲ့ခံစားနေရတာတွေကို အသိအမှတ်ပြုပေးလိုက်တာလည်းဖြစ်ပါတယ်။ ဒါဟာနော်ဝေးနိုင်ငံကျောင်းသားထုကြီးအနေနဲ့ မြန်မာနိုင်ငံသားတွေနဲ့အတူ တစိတ်ထဲတဝမ်းထဲဖြစ်နေတယ်ဆိုတဲ့သဘောထားကို ပြလိုက်တာပဲဖြစ်တယ်လို့ထင်ရကြောင်း"* နန်းချမ်တောင်းပြောသွားတာဖြစ်ပါတယ်။

ဆက်ပြီးတော့ သျှမ်းတိုင်းရင်းသူတစ်ယောက်အနေနဲ့ ဒီဆုကိုရှိတာဖြစ်တဲ့အတွက် ဘယ်လိုခံစားမိသလဲ။ ပြီးတော့ မြန်မာပြည်သူတွေအတွက် ဒီဆုနဲ့ပတ်သက်ပြီး ဘာတွေပြောပြချင်ပါသလဲလို့မေးတဲ့အခါ နန်းချန်တောင်းက အခုလိုဖြေပါတယ်။ *"ဒီဆုဟာ ကျမတယောက်ထဲအတွက်၊ ကျမအဖွဲ့အစည်းတခုထဲ အတွက်ရတာမဟုတ်ဘူးလို့ကျမခံယူပါတယ်။ မြန်မာနိုင်ငံထဲက အမျိုးသမီးထုတရပ်လုံးနဲ့မြန်မာနိုင်ငံသားတွေအတွက်သက်ရောက်တဲ့ဆုဖြစ်ပါတယ်။ အထူးသဖြင့်လူငယ်ထုကိုရည်ရွယ်ပေးတာပါ။ ဒီဆုဟာ နော်ဝေးကျောင်းသားတွေက စစ်အစိုးရအောက်မှာ အခြေအနေ တနေ့တခြားဆိုးရွားလာတဲ့ မြန်မာနိုင်ငံသားတွေ ခံစားရင်ဆိုင်နေတာတွေကို မေ့မထားဘူးဆိုတာပြသတဲ့ ဆုလဲဖြစ်ပါတယ်"*လို့ နန်းချမ်တောင်းက ပြောပြသွားပါတယ်။

နန်းချမ်တောင်းအနေနဲ့ဆုပေးပွဲမှာ ဆုလက်ခံ စဉ်မြန်မာနိုင်ငံနဲ့ပတ်သက်လို့ စကားပြောခဲ့တာဖြစ်ပါတယ်။ ဒီလိုပြောရာမှာ မြန်မာနိုင်ငံထဲမှာ နိုင်ငံရေးဖိနှိပ်မှုတွေဆက်ရှိနေသေးကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးခွန်ထွန်းဦး စတဲ့နိုင်ငံရေးခေါင်းဆောင်တွေဟာ အဖမ်းအဆီးထိန်းသိမ်းခံနေရဆဲဖြစ်ပြီးတော့ နိုင်ငံတကာရဲ့ထောက်ခံအားပေးမှုတွေတောင်းဆိုတဲ့အကြောင်း ပြောကြားခဲ့တယ်လို့သိရပါတယ်။ အခုလိုနိုင်ငံတကာကျောင်းသားငြိမ်းချမ်းရေးဆုရရှိတာနဲ့ပတ်သက်လို့ မြန်မာပြည်သူကိုဘာများ ပြောပြချင်ပါသလဲလို့ နောက်ဆုံးမေးကြည့်ရာမှာနန်းချမ်တောင်းက သျှမ်းဘာသာစကားနဲ့အခုလိုပြောပြပါတယ်။ *"ဒီဆုဟာ မြန်မာနိုင်ငံထဲက နိုင်ငံသားအားလုံးကို ရည်ရွယ်ပြီးပေးတဲ့ဆုဖြစ်ပြီး နော်ဝေးကျောင်းသားတွေရဲ့ မြန်မာနိုင်ငံကျောင်းသားတွေအပေါ် စာနာမှုကိုပြတဲ့ဆုဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ နိုင်ငံရေး၊ လူမှုရေးတွေပြောင်းလဲလာဖို့အတွက် ကျမတို့အားလုံး အတူတကွ လုပ်ဆောင်ဖို့လိုပါတယ်"*။

ဒီဆုပေးပွဲမှာ ပရိတ်သတ် ၁၅၀၀ ကျော်တက်ရောက်ခဲ့ပြီး မြန်မာအက နော်ဝေဂီယံအကတွေနဲ့ ဖျော်ဖြေခဲ့ပါ တယ်။ ဒီဆုနဲ့အတူ နော်ဝေသုံးငွေ ဂရုနာ ၅၀၀၀၀ ကိုပါချီးမြှင့်ခဲ့ပါတယ်။

(23.3.07 RFA)




Photo : SHAN

ၽဵၼ်တၢင်းပႃႈမိူင်း–ယိူင်းလူးတီႈပုတ်းပၢင်းႁွႆႇၽီ




S.H.A.N. P.O.Box 15, Nong Hoi P.O., Chiangmai 50007, Thailand
e-mail: shan@cm.ksc.co.th www.shanland.org, www.mongloi.org